ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (29-10-2014) (၈၀၀၈)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရကီနိုင်ငံသို့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင်ကျရောက်သော တူရကီသမ္မတနိုင်ငံတည်ထောင်သည့် (၉၁)နှစ်မြောက်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရီဆက် တေယစ် အာဒိုဂန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံတည်ထောင်သည့် (၉၁)နှစ်မြောက်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာမက် ဒါဗူတိုဂလူး ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နည်းပညာအကူအညီများပေးအပ်သွားရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဥာဏ်ထွန်းသည် ဂျီနီဗာမြို့အခြေစိုက် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ညီလာခံ အတွင်းရေးမှူးချုပ် မစ္စတာ မူခီ ဆာကီတူရီနှင့် ညွှန်ကြားရေးမှူး မစ္စတာ တက်ဖဲ တက်စဖာချူးတို့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးခင်မောင်အေး၊ ဒေါက်တာဇော်မင်းအောင်နှင့် ဒေါက်တာစန်းလွင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံစာရင်းမှ လွတ်မြောက်ရေးအတွက် ဝင်ငွေနိမ့်ကျမှု စံသတ်မှတ်ချက် (Gross National Income)၊ လူသားအရင်းအမြစ် စံသတ်မှတ်ချက် (Human Assets Index)၊ စီးပွားရေးထိခိုက်လွယ်မှု စံသတ်မှတ်ချက် (Economic Vulnerability Index) စသည့် စံညွှန်းကိန်းသတ်မှတ်ချက်များအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ညီလာခံက နည်းပညာအကူအညီများ ပေးအပ်သွားရေးဆိုင်ရာ များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၌ စက်ရေတွင်းများ တူးဖော်လျက်ရှိ

မုံရွာ အောက်တိုဘာ ၂၈

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းခြောက်သွေ့ရပ်ဝန်းတွင် ပါဝင်သော စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိသောက်သုံးရေရရှိရန် ခက်ခဲသော ကျေးရွာများ၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းဒေသကြီး ရန်ပုံငွေ၊ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေတို့ဖြင့် စက်ရေတွင်းများ တူးဖော်ခြင်းကို တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် စတင်ဆောင်ရွက်နေပြီဖြစ်ရာ စုစုပေါင်း စက်ရေတွင်း ၁၇၇ တွင်းကို တူးဖော်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့တူးဖော်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၁၆၉ တွင်းကို တူးဖော်မည်ဖြစ်ရာ ယခုလောလောဆယ်တွင် ဧက ၄၀ အကျိုးပြုမည့် အရာတော်မြို့နယ် ရွှေတွင်းကုန်းကျေးရွာတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

မိုးရွာသွန်းမှု

၂၈-၁၀-၂၀၁၄

ကြိုပြင်ကောက်	၂ ဒသမ ၀၆ လက်မ
မြိတ်	၁ ဒသမ ၃၀ လက်မ
နမ့်စန်	၁ ဒသမ ၀၆ လက်မ
မိုင်းဆတ်	သုည ဒသမ ၉၀ လက်မ
ပေါက်	သုည ဒသမ ၇၉ လက်မ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

BBB

ဘိသုံးလုံး ကားရောင်းခင်းတာ

38+40 ကမ္ဘာအေးဘုရားလမ်း

(နင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။

Phone: 09-7320-7777

ကြေးမုံ စာတည်းရုံးထောင့် ၂၉-၁၀-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

ဆေးဝါးသုံးစွဲမှုအလေးဂရုပြု

ပြည်သူများကျန်းမာရေးအတွက် အရေးကြီးသော ဆောင်ရွက်မှုများတွင် နေထိုင်မှုပုံစံ၊ စားသောက်မှုအနေအထား၊ ဆေးဝါးသုံးစွဲမှုနှင့် ဆေးကုသမှုခံယူခြင်းစသည့် အချက်များသည် အဓိကကျသော အချက်များဖြစ်ပါသည်။ ထိုအနေအထားများကို ပြည်သူများအနေဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်တတ်မှသာ ကျန်းမာကြံ့ခိုင်သောဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

အဆိုပါအချက်များအနက် ပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် အရေးတကြီးလိုအပ်လာပါက ရှေးဦးစွာ အိမ်သုံးဆေးဝါးများကို တတ်ကျွမ်းနားလည်သူထံမှဖြစ်စေ၊ မိမိသိရှိနားလည်သလောက်ဖြင့် နီးစပ်ရာဆေးဆိုင်တစ်ဆိုင်ဆိုင်မှဖြစ်စေ အလွယ်တကူဝယ်ယူအသုံးပြုတတ်ကြသည်ကို တွေ့ရပါသည်။

ထိုသို့အသုံးပြုကြရာ၌ အနာနှင့်ဆေးတည့်သဖြင့် ပျောက်ကင်းသွားကြသူများရှိသလို ဆေးဝါးအာနိသင် လိုအပ်ချက်၊ ဆေးဝါးသုံးစွဲခြင်း လွဲမှားမှုတို့ကြောင့် ဘေးထွက်ဆိုးကျိုးများနှင့် ကြုံတွေ့ကြရသူများလည်းရှိပါသည်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဖြစ်ကြရပါသည်။ ထို့ကြောင့် ဆေးဝါးများကို သုံးစွဲမည်ဆိုပါက တတ်သိနားလည် ကျွမ်းကျင်သူများ၏ ညွှန်ကြားချက်နှင့်အညီ သုံးစွဲသင့်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာချက်များအရ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဆေးဝါးအညွှန်းကိန်းထက်ဝက်ခန့်သည် သင့်လျော်မှန်ကန်မှုမရှိကြောင်း၊ ဆေးဝါးသောက်သုံးသူများ၏ ထက်ဝက်ခန့်သည်လည်း ဆေးညွှန်းအတိုင်းမသောက်သုံးကြကြောင်း၊ ပဋိဇီဝဆေးများကိုလည်း မလိုအပ်ဘဲအသုံးပြုနေကြသည့်အတွက် ဆေးဝါးယဉ်ပါးမှုအဖြစ်များကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ ယနေ့ကာလတွင် ဆေးဝါးကဏ္ဍသည် အရေးပါသည့် အနေအထားတွင်ရှိလာသည်။ ယခင်က ပြည်သူများအနေဖြင့် ကျန်းမာရေးလိုအပ်ချက်အရ ဆေးကုသကြရာတွင် မိမိတို့၏ လူမှု ဘဝအခြေအနေအလိုက် လိုအပ်သောဆေးဝါးများကို သက်ဆိုင်ရာ၏ ညွှန်ကြားချက်နှင့်အညီ ဆေးစစ်ဆေးမှန်များ ရှာဖွေဝယ်ယူကြရာ၌ အချို့နေရာများတွင် ပြင်ပမှ ရောင်းချကြသော ဆေးဝါးများကို အားကိုးအားထားပြုခဲ့ကြရသည်။ ထိုအခါ ဆေးစစ်ဆေးမှန်များ ရရှိသုံးစွဲကြရသဖြင့် ရောဂါပျောက်ကင်းကြသလို မစစ်မှန်သောဆေးဝါးများ၊ စံချိန်မမီသောဆေးဝါးများကို သုံးစွဲလိုက်ရသဖြင့် ရောဂါမသက်သာသည့်အပြင် ဘေးထွက်ဆိုးကျိုးများနှင့် ကြုံရဖူးသူများလည်း ရှိသည်။

ယခုအခါ ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံဝွေဖြင့် ဆေးနှင့်ဆေးဝါးဝယ်ယူခြင်း လုပ်ငန်းများကို ဗဟိုမှဝယ်ယူခြင်းအပြင် ဗဟို အဆင့်ဆေးရုံကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဆေးရုံအဆင့်များ၊ ကျန်းမာရေးဦးစီးဌာနမှူးများ၏ အစီအစဉ်ဖြင့်ဝယ်ယူမှုများကို ခွင့်ပြုပေးထားကြောင်း သိရသည်။ ထိုသို့ စီစဉ်ပေးနိုင်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ ပြည်သူများအတွက် ဆေးစစ်ဆေးမှန်များရရှိပြီး ရောဂါပျောက်ကင်းသက်သာလိမ့်မည်ဟု ယုံကြည်ပါသည်။

ထို့အပြင် ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရ၏ ဆေးဝါးဝယ်ယူရန် ခွင့်ပြုရန်ပုံဝွေဖြင့် အခြေခံကျသော၊ အဓိကကျသော ဆေးဝါးများ ဝယ်ယူခဲ့ကာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံအားလုံး၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအားလုံးသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး အဆိုပါဆေးဝါးများဖြင့်ပင် လူနာများအား အခမဲ့ဆေးကုသဆောင်ရွက်ပေးမှုများ ပြုနေပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဆေးဝါးယဉ်ပါးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ဆေးဝါးညွှန်းသူများ၊ ဆေးဝါးရောင်းချသူများ လိုက်နာရမည့် စည်းကမ်းများကို သိရှိစေပြီး လိုက်နာမှုရှိမရှိ ပြန်လည်ဆန်းစစ်ကာ လိုအပ်ပါက အရေးယူခြင်းတို့ကိုပါ ဆောင်ရွက်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကျန်းမာရေးလိုအပ်ချက်အရ ဆေးကုသသူများအနေဖြင့် ညွှန်ကြားချက်နှင့်အညီ ဆေးစစ်ဆေးမှန်များကို သုံးစွဲတတ်ရန်လိုအပ်သကဲ့သို့ ဆေးဝါးဖြန့်ဖြူးသူ၊ ရောင်းချသူများဘက်ကလည်း မှန်မှန်ကန်ကန် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများကျန်းမာမှုကို အလေးဂရုပြုကြရမည်ဖြစ်ပါသည်။ ။

နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်ဖွင့်ပွဲ ကျင်းပ
ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံတွင် နိုဝင်ဘာ ၂ ရက်အထိ ပြသမည်

ရန်ကုန် အောက်တိုဘာ ၂၈

ပထမဆုံးအကြိမ် နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ နေပြည်တော်ရုပ်ရှင်ရုံတွင် ယနေ့ညပိုင်းက ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ မြန်မာနိုင်ငံ ဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Thierry Mathou၊ ပြင်သစ်သံရုံး၊ ပြင်သစ်ယဉ်ကျေးမှုဌာနအကြီးအကဲ Mr.Charles Bonhomme၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ကရင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ မြန်မာ့ရုပ်ရှင်မြင့်တင်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ရုပ်ရှင်အစည်းအရုံးအမှူဆောင်များ၊ နိုင်ငံခြားသံရုံးများမှ ဖိတ်ကြားထားသူများ၊ ရုပ်ရှင်အနုပညာရှင်များ၊ မင်္ဂလာကုမ္ဍဏီအုပ်စုနှင့် ရုပ်ရှင်ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။**(အပေါ်ပို့)**

ဖွင့်ပွဲအခမ်းအနားမတိုင်မီ ဒုတိယဝန်ကြီးဦးပိုက်ထွေးနှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးတို့သည် နှစ်နိုင်ငံ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ယူပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

အမှတ်တရဟု အမည်ပေးထားသော နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ်ပွဲတော်တွင် အမေရိကန်၊ မွန်ဂိုလီးယား၊ ပြင်သစ်၊ ဂျပန်နှင့် အင်္ဂလန်စသောနိုင်ငံများမှ ရှေးဟောင်း ရုပ်ရှင်ကိုးကားကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၂ရက်အထိ ခြောက်ရက်ကြာ ပြသသွားမည်ဖြစ်ပြီး အခမဲ့ကြည့်ရှုနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်	ရွှေဈေး	၆၅၈၂၀၀	-	၆၅၉၂၀၀
မန္တလေး	ရွှေဈေး	၆၅၈၀၀၀	-	၆၅၉၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၈၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၀၄.၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၇၅.၆
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၄.၁၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀.၉၆၄
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆.၅၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆.၄၀၈
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၃၀.၂၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅.၄၇၀
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၄.၁၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၇.၇၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



ချစ်ထိုင်းသစ္စာ 562829,09-73198239 569782,09-450006779
*ကျိုက်ထီးရိုး(နေ့ဝင်)/ ချောင်းသာ(နေ့ဝင်)
* ကျိုက်ထီးရိုး ခဲလ်(ဘုယာမိ/ ၂ရက်)(ဟောဂြာ) * ကျိုက်ထီးရိုး (နေ့ခွင့်ပြုမှု-စစ်တိုင်ကြီး)(နေ့တနင်္လာ)
*ဝုတ်(စွယ်တော်လေးဆူ)၊ ပုဗ္ဗပါး ပခုက္ကူ ဘဝင့်မြင့်အခန်းစဉ် ကားမျိုးစုံ စီးလုံးကား စီစဉ်ပေးပါသည်။
အခေတ်မြေးတေးထေတီရှင်များ ဝေလီသူရန်ပြိုင်ပါသည်။ www.chitpaithitsar.blogspot.com

B.L.T ကားမျိုးစုံ စီးလုံးကား စီစဉ်ပေးပါသည်
ကျိုက်ထီးရိုး/ချောင်းသာ (နေ့ခွင့်) 7000 ကြိုတင် 12000 ရောင်းပြီ
ကျိုက်ထီးရိုး+မလေ + ကျိုက်ထီးရိုး (နေ့ခွင့်ပြုနေ)
ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ။ 70000
09-73163538, 09-31785622

ကမ္ဘာအနှံ့ ခရီးထွက်လိုက် ကြုံရအောင်
MYAN TOUR Travel gives wings

▸ ကမ္ဘောဒီးယား	950 USD	▸ ကိုရီးယား	2150 USD
▸ ပေကျင်း - ရှန်ဟိုင်း - ကူမင်း	1700 USD	▸ ဂျပန်	2950 USD
▸ ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ	650 USD	▸ ထိုင်ဝမ်	2200 USD
▸ ဗီယက်နမ်(ဟနွိုင်း/ ဟိုချီမင်း)	1050 USD	▸ ဘာလီ	1300 USD
▸ မကာအို-ဟောင်ကောင်	1500 USD	▸ ယူးရတ်	1090 USD
▸ မော်လဒိုက်	1340 USD	▸ စင်ကာပူ	810 USD

ဗုဒ္ဓဂယာ
စ ရက် ခရီးစဉ် - ၇ သိန်းခွဲ
၁၅ ရက် ခရီးစဉ် - ၉ သိန်းခွဲ
(စရိတ်ငြိမ်း)
ဒီခင်ဘာ ခရီးစဉ် ဘားလုံ၊ အတွက် အထူး
Discount !

Myan Tour Hot line 01-371767 , 01-393179 , 09 25 30 30 30 4 , 09 25 30 30 30 5

တရုတ်ပြည် သို့ ရင်ခုန် ပျော်ရွှင်ဖွယ် SHWE MYANMAR
ခရီးစဉ်များ
◆ ပီကင်း ..... ဆီအန်း ▸ (၇)ရက်
◆ ပီကင်း ..... ထျန်းကျင်း ▸ (၈)ရက်
◆ ပီကင်း ..... ဟွာဒုန်း (၅)မြို့ ▸ (၁၀)ရက်
◆ ချန်ဒူး ..... ကျိုကျိုက်ကုန်း ▸ (၇)ရက်
◆ ချန်ဒူး ..... ယန်စီမြစ်ဝှမ်း ▸ (၇)ရက်
◆ ကူမင်း ..... တာ့လီ ..... လီကျန်း ▸ (၇)ရက်
ဟောင်ကောင် ခရီးစဉ်များ
◆ ရှန်းကျန့် ..... မကွာအို ▸ (၆)ရက်
◆ မကွာအို ▸ (၅)ရက်
◆ သီးသန့် (၄) ရက်
(အပတ်စဉ် ထွက်ပြီ)
အမြန်ဆုံး ဓာရင်း ပေးချင်း နှုန်းပါပြီ
အောက်ပါ ခရီးသွား ကုမ္ဍဏီများ ထံတွင် ဝယ်ယူရရှိနိုင်ပါသည်။
• DAWN KNIGHT T & T - 01372097 , 0973051621
• COS TOUR - 01 525280 , 532440 , 2305824 - 5
• HUB ZONE T & T - 09 450024868 ,5407637 , 5158678
• GREEN HOLIDAY T & T - 01546668 , 0973147688 ,5200747
• FRIENDS OF NATURE T & T - 012306177 ,095048059
• NANO T & T - 095043174 ,73006382
• PAN THU KHA T & T - 01 2304567 , 09 5095586
• FIREFLY T & T - 01 391019,376168 , 09 5026486
• PRO ASIA T & T - 09 421179583 ,400426362
• YANG SISTERS T & T - 01215906 ,09425327767

ပြည်တွင်းရေးရာ

ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀) ပြည့် ရွှေရတုပွဲ၏ ရွှေစကားသံများ

သတင်း - စိုးစိုးနိုင်(ကြေးမုံ)
ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

နှစ်(၅၀)အတွင်း ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီးမှ တိုင်းပြည်ဂုဏ်ဆောင်ခဲ့ကြသူများစွာ မွေးထုတ်ပေးခဲ့ပြီး နောင်လာနောက်သားများအားလက်ဆင့်ကမ်း အမွေပေးနိုင်ရန် မိမိတို့တတ်စွမ်းထားသော ပညာဖြင့် တိုင်းပြည်အတွက် အထောက်အကူပြုနိုင်မည့် နိုင်ငံတော်အကျိုးပြုသုတေသနစာတမ်းများဖြင့် နိုင်ငံတော်ကို အကျိုးပြုနိုင်ရန်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းဆင်း ကျောင်းသား ကျောင်းသူဟောင်းလုပ်ငန်းရှင်များ၏ Business Exhibition များကို ဖော်ပြနိုင်ရန် နှစ်(၅၀)အတွင်း သင်ကြားပြသပေးခဲ့သည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဂါရဝပြုကန်တော့နိုင်ရန်နှင့် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ ပေးအပ်နိုင်ရန် ယခုနှစ်တွင် ပြန်လည်ရရှိပြီးသော အဆောင်များ၏အနှစ်သာရကို မောင်နှမဆောင်မိသားစုများကပြန်လည်ဖော်ခြင်းဖြင့် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေပေးနိုင်ရန်ရည်ရွယ်၍ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပမည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားနှင့်ပတ်သက်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ တာဝန်ရှိသူများ ဖွင့်ဟပြောကြားသည့် ရွှေစကားသံများကို ရေးသားဖော်ပြလိုက်ရပါသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခ ဒေါက်တာအေါ်ခင်နိုင်ဦး

ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခ ဒေါက်တာ ဒေါ်ခင်နိုင်ဦးက "ဒီတက္ကသိုလ်ကို ပြီးခဲ့တဲ့နှစ်က ပြောင်းရွှေ့ရောက်ရှိလာတာပါ။ အခုလိုရွှေရတုပွဲနဲ့ တွေ့ကြုံရတော့ အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီတက္ကသိုလ်ကနေ တိုင်းပြည်ဂုဏ်ဆောင်ခဲ့ကြသူ အများအပြားရှိပြီး ဒီပုဂ္ဂိုလ်တွေက ဌာနဆိုင်ရာအသီးသီးမှာ တာဝန်ထမ်းဆောင်နေသူတွေရှိသလို အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင် ၈၀ ရာခိုင်နှုန်းလောက်ကလည်း စီးပွားရေးတက္ကသိုလ် ကျောင်းသားဟောင်းများ ဖြစ်ကြပါတယ်။ ဒီလို တိုင်းပြည်အတွက် အောင်မြင်သူများစွာ မွေးထုတ်ပေးနိုင်ခဲ့ပြီး နောင်လာနောက်သားတွေကိုလည်း လက်ဆင့်ကမ်းအမွေပေးနိုင်မှာဖြစ်ပါတယ်။ နှစ်(၅၀) အတွင်း ပြုပြင်သင်ပြပေးခဲ့တဲ့ အငြိမ်းစားဆရာကြီး ဆရာမကြီးတွေကို ပူဇော်ကန်တော့မယ့်အပြင် ဒီတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အငြိမ်းစားဝန်ထမ်းတွေကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်မှာဖြစ်ပါတယ်"ဟု ပြောပြသည်။

စီးပွားရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး (၂)၊ ပြန်ကြားရေးတာဝန်ခံ ဦးအောင်မိုးသူက "ပြီးခဲ့တဲ့နှစ်က ပြုလုပ်ခဲ့တဲ့ (၄၉) နှစ်မြောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲကျင်းပပြီးနောက် ရွှေရတုပွဲကျင်းပဖို့ စီစဉ်ခဲ့ပါတယ်။ အောက်တိုဘာ ၃၁ ရက်မှာ ရွှေရတုအခမ်းအနားဖွင့်ပွဲ ကျင်းပမှာပါ။ အဲဒီနေ့မှာ စာတမ်းဖတ်ပွဲ၊ ဓာတ်ပုံပြပွဲ၊ စျေးရောင်းပွဲတော်တွေအပြင် ကုမ္ပဏီလုပ်ငန်းတွေရဲ့ ပြခန်းတွေ၊ တက္ကသိုလ်များ လက်ရွေးစင်ဟောင်း (Old Blue) ဘောလုံးအသင်းနဲ့ စီးပွားရေးတက္ကသိုလ် လက်ရွေးစင်ဟောင်းဘောလုံးအသင်းတို့ ရန်ကုန်တက္ကသိုလ်ဘောလုံးကွင်းမှာ ရွှေရတုဂုဏ်ပြုယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ နိုဝင်ဘာ ၁ ရက်မှာ စီးပွားရေးတက္ကသိုလ်ရဲ့ ပထမဆုံးပါမောက္ခချုပ် ဆရာကြီးဒေါက်တာအေးလှိုင် ရုပ်တုဖွင့်ပွဲပြုလုပ်ပါမယ်။ နောက်ပြီး နှစ်(၅၀)ပြည့် အမှတ်တရကုံ့ကော်ပင်စိုက်ပျိုးပါမယ်၊ နိုဝင်ဘာ ၂ ရက်ဟာ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ စတင်ပညာသင်ကြားတဲ့ နှစ်(၅၀)ပြည့်နှစ် ဖြစ်ပါတယ်။ နောက်ပြီး သက်ပြည့်အငြိမ်းစားယူသွားတဲ့ စီးပွားရေးတက္ကသိုလ်ဆရာ ဆရာမကြီးတွေကို ပူဇော်ကန်တော့ပါမယ်။ နှစ်(၅၀)အတွင်း ကျောင်းတော်ကြီးနဲ့ အဆောင်တွေမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ သက်ပြည့်အငြိမ်းစား ဝန်ထမ်းတွေကို ရွှေရတုအမှတ်တရလက်ဆောင်ပေးမှာဖြစ်ပါတယ်။ အဲဒီနေ့ညပိုင်းမှာ မိန်းမလှကျွန်းအလွမ်းပြေဖျော်ဖြေပွဲ အစီအစဉ်မှာ စန္ဒရားကွန်းဇော် တေးဂီတပိုင်းနဲ့ စီးပွားရေးတက္ကသိုလ်ဆင်းရေဒီယိုခေတ်ဓာတ်ပြားရ နိုင်ငံကျော်တေးသံရှင်များ၊ Lazy Club တေးဂီတအဖွဲ့နဲ့ နိုင်ငံကျော်တေးသံရှင်တို့က ဖျော်ဖြေကြပါမယ်။ အဓိကတော့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော် ဆရာ ဆရာမကြီးတွေကို ညစာစားပွဲနဲ့ တည်ခင်းဧည့်ခံမှာ ဖြစ်ပါတယ်" ဟုဆိုသည်။

စီးပွားရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးတင့်လွင်(ငြိမ်း)က "(၂၅)နှစ်မြောက်ကစပြီး အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပခဲ့ပါတယ်။ ဒီရွှေရတုပွဲမှာ ပြင်ပကုမ္ပဏီလုပ်ငန်းတွေရဲ့ ပြခန်းပေါင်း ၁၃၀၊ ဘွဲ့ရ၊ ဘွဲ့လွန်၊ အဆောင်နေကျောင်းသား ကျောင်းသူများရဲ့ ရွှေရတုအကြို ဂုဏ်ပြုညစာစားပွဲပြုလုပ်မှာဖြစ်ပါတယ်။ နိုဝင်ဘာ ၁ ရက်မှာ အဆောင်အလိုက် ညစာစားပွဲများပြုလုပ်ပြီး နိုဝင်ဘာ ၂ ရက်မှာ ဖိတ်ကြားထားသော ဧည့်သည်တော်တွေ၊ ဆရာ ဆရာမကြီးတွေကို ရွှေရတုအထိမ်းအမှတ် ညစာစားပွဲ ပြုလုပ်ကြမှာဖြစ်ပါတယ်" ဟု ပြောပြသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် အဝင်မုခ်ဦး ပြင်ဆင်နေစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တူရကီနိုင်ငံသို့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံတည်ထောင်သည့် (၉၁)နှစ်မြောက် အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဘ်လု ချာဗွတ်ချ်အော်လူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

စက်ရေတွင်းတစ်တွင်း တူးဖော်ပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဧကဝ၉၀ အကျိုးပြုမည့် မြေအောက်ရေတွင်း ရှစ်တွင်းကိုလည်း တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ တိုင်းဒေသကြီးရန်ပုံငွေ၊ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေတို့ဖြင့် တူးဖော်ပေးမည့်မြေအောက်ရေတွင်း ၁၇၇ တွင်းသည် အရာတော်၊ ဒီပဲယင်း၊ ပုလဲ၊ ဘုတလင်၊ ခင်ဦး၊ ဆားလင်းကြီးနှင့် ရွှေဘိုမြို့နယ် (၇)မြို့နယ်တို့မှ ကျေးရွာပေါင်း ၁၇၄ ရွာတွင် တူးဖော်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးအတွင်းက မြို့နယ် ခုနစ်မြို့နယ်မှာ မြေအောက်ရေတွင်းပေါင်း ၁၇၇ တွင်းကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေ၊ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေတွေနဲ့ ဆောင်ရွက်တူးဖော်ပေးမှာ ဖြစ်ပါတယ်။ အခုရွှေတွင်းကုန်းရွာတစ်တွင်းတော့ ပြီးသွားပါပြီ။ ကျန်တဲ့တွင်းတွေကို သတ်မှတ်ထားတဲ့အတိုင်း အပြီးဆောင်ရွက်ပေးဖို့ ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ မုံရွာ၊ ချောင်းဦး၊ အရာတော်၊ ဘုတလင်၊ ဆားလင်းကြီး၊ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ရေဦး၊ တန့်ဆည်၊ ထီးချိုင့်၊ ကောလင်း၊ ဝန်းသို့၊ ကသာ၊ မင်းကင်းစုစုပေါင်း မြို့နယ် ၂၀ မှ စိုက်ပျိုးဧက ၁၈၃၀ ကို အကျိုးပြုစေသည့် မြေအောက်ရေတွင်းပေါင်း ၁၈၃ တွင်းကို တူးဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပညာရဲရင့် ပွဲလယ်တင့်

အာဖဂန်သမ္မတသစ် ပေကျင်းသို့ရောက်ရှိ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆွေးနွေးဖွယ်

ပေကျင်း အောက်တိုဘာ ၂၈

အာဖဂန်သမ္မတသစ် အက်ရှ်ရက်ဖ်ဂါနီသည် တရုတ်နိုင်ငံမြို့တော်ပေကျင်းသို့ အောက်တိုဘာ ၂၈ ရက်တွင် ရောက်ရှိလာသည်။ ယခုနှစ်ကုန်ထက် နောက်မကျဘဲ အာဖဂန်နစ္စတန်နိုင်ငံမှ နေတိုးတပ်ဖွဲ့များ ရုပ်သိမ်းရန် ပြင်ဆင်ချိန်တွင် သမ္မတဂါနီ ပေကျင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အာဖဂန်သမ္မတသစ် အက်ရှ်ရက်ဖ်ဂါနီ။

တစ်ချိန်တစ်ခါက အမေရိကန်အခြေစိုက် တက္ကသိုလ်ပညာရှင်တစ်ဦးဖြစ်ခဲ့သူ ဂါနီသည် လွန်ခဲ့သည့်လက အာဖဂန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ စစ်ကြောင့်ပျက်စီးခဲ့ရသော အာဖဂန်နစ္စတန်နိုင်ငံ၌ ပထမဆုံး အကြိမ် ဒီမိုကရေစီနည်းလမ်းတကျ အာဏာလွှဲပြောင်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။

လေးရက်ကြာခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့လာရောက်သည့် ဂါနီနှင့်အတူ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ လိုက်ပါလာခဲ့သည်။ သမ္မတဂါနီသည် တရုတ်သမ္မတရှီကျင့်ဖျင် နှင့် ခေါင်းဆောင်များအား တွေ့ဆုံသည့် အခါ အာဖဂန်နစ္စတန်နိုင်ငံ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးကိစ္စရပ်ကို ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ရသည်။

ဂါနီသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် အများအပြားကိုလည်း လက်မှတ်ရေးထိုးမည်ဖြစ်သည်။

အောက်တိုဘာ ၃၁ ရက်တွင် မြို့တော်ပေကျင်း၌ ကျင်းပမည့် ညီလာခံတစ်ရပ်သို့ သမ္မတဂါနီတက်ရောက်ရန် စီစဉ်ထားသည်။ အဆိုပါညီလာခံကို အစ္စတန်ဘူလ်လုပ်ငန်းစဉ်ဟု အမည်ပေးထားပြီး အာဖဂန်နစ္စတန်နှင့် အိမ်နီးချင်း နိုင်ငံများအတွင်း ဒေသဆိုင်ရာ လုံခြုံရေး၊ နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။ **ရိုက်တာ။**

အိန္ဒိယရေတပ်မှ ရေငုပ်သင်္ဘော တစ်စင်းကို တွေ့ရစဉ်။

ရေငုပ်သင်္ဘောခြောက်စင်း အိန္ဒိယ၌ တည်ဆောက်မည်

နယူးဒေလီ အောက်တိုဘာ ၂၈

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ရေငုပ်သင်္ဘောခြောက်စင်း တည်ဆောက်မည့် အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ပြီး အစ္စရေးနိုင်ငံထံမှ တင့်ကားပစ်ဒုံးကျည် ထောင်ပေါင်းများစွာကို ဝယ်ယူမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက် ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်နှောင်းပိုင်းက အိန္ဒိယကာကွယ်ရေးဝန်ကြီး သဘာပတိအဖြစ် ဆောင်ရွက်သည့် ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအဖွဲ့ အစည်းအဝေးအပြီးတွင် အိန္ဒိယနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို မြှင့်တင်နိုင်ရန် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံသုံးစွဲမည့် အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းရေငုပ်သင်္ဘောများ တည်ဆောက်ရေးလုပ်ငန်းမှာ အဆိုပါအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။

ရေငုပ်သင်္ဘောခြောက်စင်း တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကုန်ကျမည်ဟု ခန့်မှန်းရသည်။ ယင်းရေငုပ်သင်္ဘောများမောင်းနှင်ရေးအတွက် လျှပ်စစ်ဒီဇယ် အင်ဂျင်စနစ်ကို အသုံးပြုမည်ဖြစ်ပြီး ယင်းသင်္ဘောများပေါ်၌ ခရူဇီဒုံးကျည်များတပ်ဆင်နိုင်မည်ဖြစ်သည်။

အိန္ဒိယရေတပ်တွင် ရေငုပ်သင်္ဘော ၁၃ စင်းကို လတ်တလော အသုံးပြုနေပြီး ယင်းသင်္ဘောများမှာ ဂျာမနီ သို့မဟုတ် ယခင် ဆိုဗီယက် ယူနီယံလုပ်သင်္ဘောများဖြစ်သည်။

ပီတီအိုင်။

နယ်စပ်ဒေသလုံခြုံရေး တရုတ်နိုင်ငံ မြှင့်တင်

ပေကျင်း အောက်တိုဘာ ၂၈

အစွန်းရောက်စစ်သွေးကြွတပ်ဖွဲ့များနှင့် ပူးပေါင်းနိုင်ရေးအတွက် ပြည်ပနိုင်ငံများသို့ တရားမဝင် ထွက်ခွာနိုင်ခြင်းမရှိစေရန် နယ်စပ်ဒေသလုံခြုံရေးနှင့် ကင်းလှည့်စောင့်ကြပ်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း တရုတ်အစိုးရတာဝန်ရှိသူများက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားကြသည်။

နယ်ခြားစောင့်ရဲတပ်ဖွဲ့သည် ပြည်ပသို့ တရားမဝင်ထွက်ခွာမှုများမရှိစေရေးအတွက် လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ မကြာသေးမီနှစ်များက တရုတ်နိုင်ငံ ဆင်ကျန်းဒေသမှ စစ်သွေးကြွများသည် နယ်စပ်ဒေသမှ တစ်ဆင့် ပြည်ပသို့ ဥပဒေမဲ့သွားရောက်ခဲ့ကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ပီတီအိုင်။**

တောင်အာဖရိက လက်ရွေးစင်ဘောလုံးအသင်းခေါင်းဆောင် ဓားပြတစ်စု၏ သတ်ဖြတ်မှုကြောင့် သေဆုံးရ

ဂျိုဟန်နက်စဘတ် အောက်တိုဘာ ၂၈

တောင်အာဖရိကနိုင်ငံ၌ အမျိုးသား လက်ရွေးစင်ဘောလုံးအသင်း၏ အသင်းခေါင်းဆောင်ကို ဓားပြတစ်စုက သတ်ဖြတ်သွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

သေဆုံးခဲ့ရ

တောင်အာဖရိက အမျိုးသား လက်ရွေးစင်ဘောလုံးအသင်း၏ အသင်းခေါင်းဆောင် ဆန်ဒီမေယီဝါသည် အောက်တိုဘာ ၂၆ ရက်မွန်းလွဲပိုင်းက ဂျိုဟန်နက်စဘတ်မြို့ပြင်၌ ဓားပြတိုက်ရန် ကြိုးပမ်းသူ လူတစ်စု၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရကြောင်း တောင်အာဖရိက ရဲတပ်ဖွဲ့က ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ထွက်ပြေးသွား

ဂျိုဟန်နက်စဘတ် ဆင်ခြေဖုံး ဗော့စ်လူးရပ်စ်မြို့၌ ဆန်ဒီမေယီဝါ တည်းခိုနေသော နေအိမ်တစ်လုံးရှိရာသို့ ည ၈ နာရီခန့်တွင် ဓားပြဂိုဏ်းတစ်ဂိုဏ်းမှ လူသုံးဦး ရောက်ရှိလာခဲ့ပြီး တစ်ဦးက နေအိမ်အပြင်ဘက်မှ စောင့်ဆိုင်းကာ နှစ်ဦးက နေအိမ်တွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် သေနတ်သံ ပေါ်ထွက်လာခဲ့ကြောင်း၊ မေယီဝါ သေနတ်ဖြင့် ပစ်ခတ်ခံရပြီးနောက် ၎င်းတို့သုံးဦးမှာ ထွက်ပြေးသွားခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ တရားခံများကို ဖမ်းဆီးနိုင်ရန် သတင်းပေးနိုင်သူကို ရန်းဂွေ ၁၅၀၀၀၀ (ဒေါ်လာ ၁၃၆၇၀)ဆုငွေချီးမြှင့်မည်ဟု ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာထားသည်။ **ပီတီအိုင်။**

ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ၁၂ဦး သမ္မတအိုဘားမားထံ အိတ်ဖွင့်ပေးစာ ပေးပို့

ဝါရှင်တန် အောက်တိုဘာ ၂၈

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ပွားခဲ့ချိန်နောက်ပိုင်း အကြမ်းဖက်သမားများအဖြစ် မသင်္ကာရသူများအား ညှဉ်းပန်းနှိပ်စက်သည့်နည်းလမ်းဖြင့် စစ်ဆေးမေးမြန်းခြင်းနှင့် သက်ဆိုင်နေသည့် လျှို့ဝှက်အစီရင်ခံစာတစ်ရပ်ကို ထုတ်ပြန်ပေးရန် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ၁၂ ဦးတို့က အမေရိကန်သမ္မတ ဘားရတ်အိုဘားမားအား တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုဘယ်ဆုရှင် ၁၂ ဦးက သမ္မတအိုဘားမားထံပေးပို့သည့် အိတ်ဖွင့်ပေးစာတစ်စောင်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါစာကို အင်တာနက်ရှိ ကွန်မြူနတီဒေါ့ကွမ်း၌ လွှင့်တင်ထားသည်။

သမ္မတဘားရတ်အိုဘားမားသည် ၂၀၀၉ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆု ရရှိခဲ့သူဖြစ်သည်။

ပီတီအိုင်။

လူရွှင်တော်မျက်နှာဖုံးစွပ် လက်နက်ကိုင်ဂိုဏ်း ပြင်သစ်နိုင်ငံတောင်ပိုင်း၌ ရဲတပ်ဖွဲ့ဖြိုခွင်း

ပါရီ အောက်တိုဘာ ၂၈

ပြင်သစ်နိုင်ငံတောင်ပိုင်း အဂ္ဂဒေးမြို့၌ ဆပ်ကပ်လူရွှင်တော် မျက်နှာဖုံးတပ်ဆင်ကာ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေသောဂိုဏ်းတစ်ဂိုဏ်းကို ရဲတပ်ဖွဲ့က ဖြိုခွင်းခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများ က အောက်တိုဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အဖွဲ့ဝင် ၁၄ ဦးပါ အဆိုပါဂိုဏ်း၏ ဂိုဏ်းဝင်များမှာ ဆယ်ကျော်သက်ရွယ်လူငယ်များဖြစ်ကြပြီး သေနတ်များ၊ ဓားများနှင့် တင်းပုတ်များကို ကိုင်ဆောင်ကာ အများပြည်သူတို့အား ခြိမ်းခြောက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြင်သစ်နိုင်ငံ အဂ္ဂဒေးမြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်း၏ ကားရပ်နားရာနေရာတွင် လက်နက်များ ကိုင်ဆောင်ထားသည့် ဆယ်ကျော်သက်ရွယ်လူငယ် ၁၄ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ထိုစဉ်အတွင်း မောင့်ပယ်လီယာမြို့၌ ဆပ်ကပ်လူရွှင်တော်မျက်နှာဖုံးစွပ် အကြမ်းဖက်သမားတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ အဆိုပါ အကြမ်းဖက်သမားသည် လမ်းသွားလမ်းလာများကို သံတုတ်တစ်ချောင်းဖြင့် လိုက်ရိုက်နေခဲ့သူဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုတို့ရှိ မြို့အချို့တွင် ဆပ်ကပ်လူရွှင်တော်မျက်နှာဖုံးစွပ် အကြမ်းဖက်သမားများကို တွေ့မြင်ခဲ့ကြရကြောင်း သတင်းတွင်ဖော်ပြသည်။ **ပီတီအိုင်။**

ဆပ်ကပ်လူရွှင်တော်မျက်နှာဖုံးတပ်ဆင်ထားသည့် အကြမ်းဖက်သမားတစ်ဦးကို တွေ့ရစဉ်။

ပြည်တွင်းရေးရာ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဌာနေကိုယ်စားလှယ် Mr.Giuscppe DE VINCENTIIS နှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ညွှန်ကြားရေးမှူး Mr.James Lynchတို့သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များ မြန်မာနိုင်ငံတွင် ပြန်လည်အခြေချနေထိုင်ရေးကိစ္စများနှင့်ပတ်သက်၍ မြန်မာအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်လိုရှိ၍ဖြစ်ပါကြောင်း၊ ဒုက္ခသည်များ ပြန်လည်အခြေချနေထိုင်မည့် ဒေသ၏လုံခြုံရေးနှင့်တည်ငြိမ်ရေး၊ စားဝတတ်နေရေးပြဿနာ၊ မြေမြှုပ်မိုင်းရှင်းလင်းရေးကိစ္စများ၊ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့၏ သဘောထားမှာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ဒုက္ခသည်များ ပြန်လည်ရွှေ့ပြောင်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာဖြစ်စေ၊ သဘောတူညီချက်ဖြစ်စေ လက်မှတ်ရေးထိုး ဆောင်ရွက်သွားစေလိုပါကြောင်း၊ နှစ်နိုင်ငံဘက်မှ လိုအပ်ချက်အားလုံး ပါဝင်ရန်လိုအပ်ကြောင်း၊ UNHCR မှလည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ Road Map ရေးဆွဲထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သော်လည်း မြန်မာနိုင်ငံဘက်မှ အဓိကဦးဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဒုက္ခသည်များ ပြန်လည်ရွှေ့ပြောင်းရေးကိစ္စရပ်နှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန်ယူဆောင်ရွက်ရမည့်အပြင် အခြားဆက်နွယ်လျက်ရှိသော ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် မြန်မာ-ထိုင်းနယ်ခြားကော်မတီများကို အဆင့်အလိုက် ဖွဲ့စည်းထားရှိပြီး ထိုနယ်ခြားကော်မတီများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

သစ်သီးဝလံစျေးကွက်နှင့် အရောင်းအဝယ်စနစ်များ တိုးတက်ဖြစ်ထွန်းရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၈

သစ်သီးဝလံ စျေးကွက်နှင့် အရောင်းအဝယ်စနစ်များ တိုးတက်ဖြစ်ထွန်းရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများတွင် ဆောင်ရွက်နေသည့် လုပ်နည်းလုပ်ဟန်များကို လေ့လာဆည်းပူးရန်လိုအပ်ကြောင်း၊ ကဏ္ဍတစ်ရပ်လုံးတွင် ပါဝင်နေသူအချင်းချင်း မကြာခဏ တွေ့ဆုံ ညှိနှိုင်းဆွေးနွေးမှုနှင့် စည်းလုံးညီညွတ်မှုရှိအောင် တာဝန်ရှိသူများက ထိန်းကျောင်းဆောင်ရွက်ပေးပါရန် လိုအပ်ကြောင်း၊ သစ်သီးဝလံများအား ထုပ်ပိုးစနစ်အပါအဝင် အဆင့်မီအောင် ပြုပြင်ပြီး ပင်လယ်ရေကြောင်းမှ ထိုးဖောက်တင်ပို့နိုင်အောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နှစ်အလိုက် ပြည်ပတင်ပို့မှု တိုးတက်လျက်ရှိသော်လည်း ပိုမိုအကျိုးအမြတ်ရရှိစေရန်နှင့် နည်းစနစ်များ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ပံ့ပိုးပေးရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် ထုတ်ပိုးမှုစနစ်ကောင်းမွန်အောင်နှင့် အသီးအလုံးညီညာမှုရှိရန်လိုအပ်ကြောင်း၊ မိမိတို့၏ သီးနှံများ ပစ္စည်းမှန်အောင် ထုတ်လုပ်ပြီး စျေးနှုန်းမှန်ရရှိစေရန်အတွက် အရည်အသွေးမြှင့်တင်ရန် လိုအပ်ကြောင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်းကိစ္စများ အပေါ် အထူးအလေးထား ကြပ်မတ်စိစစ်မှုများရှိနေသဖြင့် တောင်သူများကို စည်းရုံးပညာပေးမှုများ ဆောင်ရွက်ပေးရမှာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်အသင်းခွဲများမှ ကိုယ်စားလှယ်များက သစ်သီးစျေးကွက်နှင့် အရောင်း အဝယ်စနစ်များ တိုးတက်ဖြစ်ထွန်းရေးအတွက် ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

နောင်ချို၊ ပင်လောင်းနှင့် ဖားကန့်မြို့တို့၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၈

မူးယစ်တပ်ဖွဲ့(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက်က ကျောက်မဲ -နောင်ချို ပြည်ထောင်စုလမ်းမပေါ် နောင်ပစ်လမ်းခွဲအနီးတွင် သီပေါမြို့မှ နောင်ချိုဘက်သို့ စံမောင်မောင်နှင်ပြီး အိုက်ပွဲလိုက်ပါလာသည့် ဆိုင်ကယ်အားရှာဖွေရာ စံမောင်ဝတ်ဆင်ထားသည့် အနွေးထည် အိတ်ကပ်အတွင်းမှ ဘိန်းဖြူ ၁၂ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် သုံးခွက် (အလေးချိန် ၃၆ ဂရမ်) သိမ်းဆည်းရမိသဖြင့် စံမောင်(၄၀)နှစ်နှင့် အိုက်ပွဲ(၃၇)နှစ် တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက်က ပင်လောင်းမြို့နယ် ဘန့်ဘာကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာနေ ခွန်အောင်သန်း၏ နေအိမ်အားရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းစိမ်း(အလေးချိန် ၈၀၀ ဂရမ်)သိမ်းဆည်းရမိသဖြင့် ခွန်အောင်သန်း(၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၅ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကျောက်သွေးတောင်ကျေးရွာအနီး ကားလမ်းမတွင် သိန်းစိုး(ခ)ဖြိုးကို မောင်းနှင်ပြီး မင်းထက်အောင်လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ သိန်းစိုး(ခ)ဖြိုးကို လွယ်ထားသည့် အနက်ရောင် ဘေးလွယ်အိတ်အတွင်းမှ Love is Flower စာတန်းပါရောင်စုံ ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူမှုန့်(အလေးချိန် ၁၅ ဂရမ်)ခန့်စီပါ ငါးခွက် (အလေးချိန် ၇၅ ဂရမ်) သိမ်းဆည်းရမိသဖြင့် သိန်းစိုး(ခ)ဖြိုးကို(၂၁)နှစ်နှင့် မင်းထက်အောင်(၂၇)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ (ကြေးမုံ)

စံမောင်နှင့် အိုက်ပွဲတို့အား သိမ်းဆည်းရမိ ဘိန်းဖြူဆပ်ပြာခွက်များနှင့် အတူ တွေ့ရစဉ်။

❒ ကျောပုံးမှ

ဖလားပြိုင်ပွဲတွင် ဥရုဂွေးအသင်းနှင့် ပါဝင် ကစားခဲ့ရာတွင် အီတလီကစားသမား ချီယယ်လီနီအား ကိုက်ခဲ့ခြင်း၏ ဆိုးကျိုးအဖြစ် လေးလကြာ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရခြင်းကြောင့်ဟု ကျွမ်းကျင်သူများက ကောက်ချက်ချထားသည်။

၂၀၁၄ ဖီဖာကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ရွေးချယ်ခဲ့သည့် ကစားသမားစာရင်းတွင် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ဂျာမနီအသင်းမှ ကစားသမား ခြောက်ဦးအထိ ရွေးချယ်ခံခဲ့ရသည်။ အဆိုပါ ကစားသမားများမှာ ဂျေ့ဒီ၊ တိုနီခရူစ်၊ သောမက်မူလာ၊ ဗီးလစ်လမ်း၊ ရယ်အာ၊ အာဂျန်ရော်ဘင်နှင့် ရှဝိန်းစတိုင်ဂါတို့ဖြစ်ကြသည်။

အင်လန်အခြေစိုက်ကလပ်အသင်းများမှ ရွေးချယ်ခံခဲ့ရသည့် ကစားသမားငါးဦးမှာ ချယ်လ်ဆီးအသင်းမှ အေဒင်ဟာဇက်၊ ဒီယေဂိုကော်စတာ၊ ကော့တ်ဂြိုက်၊ မန်စီးတီးအသင်းမှ ယာယာတိုရေး၊ မန်ယူအသင်းမှ ဒီမာရီယာတို့ဖြစ်ကြသည်။

၂၀၁၄ ဖီဖာကမ္ဘာ့အကောင်းဆုံးဆုအတွက် ပဏာမကစားသမား ၂၃ ဦး စာရင်းတွင် ကလပ်အသင်းအလိုက် ကစားသမားအများဆုံး ရွေးချယ်ဖော်ပြခံရမှုတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် တစ်သင်းလျှင် ကစားသမား ခြောက်ဦးစီဖြင့် ကစားသမားအများဆုံးအသင်း နှစ်သင်းအဖြစ် ရပ်တည်လျက်ရှိသည်။

နိုင်ငံအလိုက် ကစားသမား ရွေးချယ်ခံရမှုကို ပြန်သုံးသပ်မည်ဆိုပါက ဂျာမနီနှင့် စပိန်တို့သည် ကစားသမား ခြောက်ဦးစီဖြင့်လည်းကောင်း၊ အာဂျင်တီးနားသည် ကစားသမားသုံးဦး၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံတို့သည် ကစားသမား နှစ်ဦးစီဖြင့် လည်းကောင်း အသီးသီးရွေးချယ်ခံခဲ့ရပြီး ဝေလ၊ ပေါ်တူဂီ၊ ဆွီဒင်၊ ဘရာဇီး၊ နယ်သာလန်၊ ကိုလံဘီယာနှင့် အိုင်ဗရီကို့စ်တို့မှာ ကစားသမား တစ်ဦးစီ ရွေးချယ်ဖော်ပြခံခဲ့ရသည်။

နေမာ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ အီဗရာဟီမိုဗစ်ချ်၊ ဘင်ဇီမာ စသည့် ကစားသမားများသည်လည်း ၂၀၁၄ ဖီဖာကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ရွေးချယ်ခံထားရသည်။ နှစ်အလိုက် ဖီဖာကမ္ဘာ့အကောင်းဆုံးဆုရ ကစားသမားစာရင်းတွင် ပြန်လည်သုံးသပ်မည်ဆိုပါက ဗြိတိန်ကစားသမားများ ရွေးချယ်ဖော်ပြခံရမှုသည် တစ်နှစ် ထက်တစ်နှစ် လျော့နည်းလာကြောင်း သိရသည်။ ယင်းမှာ ၂၀၀၉ ခုနှစ်က ရွန်းနီ၊ ဂျာရတ်၊ လမ်းပတ်၊ တယ်ရီ၊ ဂစ်တို့ ငါးဦး၊ ၂၀၁၀ ခုနှစ်က တစ်ဦးမျှရွေးချယ်ခံခဲ့ရခြင်းမရှိဘဲ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် ရွန်းနီတစ်ဦးတည်းသာ ရွေးချယ်ခံခဲ့ရပြီး ၂၀၁၃ ခုနှစ်နှင့် ယခု ၂၀၁၄ ခုနှစ်တို့တွင် ဂါရတ်ဘေးလ် တစ်ဦးတည်းသာ ရွေးချယ်ခံခဲ့ရခြင်းတို့ကြောင့်ဖြစ်သည်။

(နိုင်လင်းကြည်)

ဘက်ထရီဖြင့် ရှော့တိုက်ငါးဖမ်းစဉ် ဓာတ်လိုက်၍ သေဆုံး

နေပြည်တော် အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၇ ရက်က မင်းဘူးမြို့နယ် လက်ပံတပင်ကျေးရွာအနီးရှိ ဧရာဝတီမြစ်အတွင်း သဲသောင်ပြင်ရေစပ်တွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းကျေးရွာနေ ခိုင်ဇော်လင်း (၁၅)နှစ်သည် ရေအိုင်အတွင်း ငါးများအား ဘက်ထရီဖြင့် ရှော့တိုက်ဖမ်းဆီးစဉ် ဓာတ်လိုက်သေဆုံးသွားကြောင်း သိရှိရသောကြောင့် မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

နန်းဦးလှိုင် (တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ)
• တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ နှင့် အင်းလေးဖောင်တော်ဦး၊ မွေတော်ကဏ္ဍ၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း (၅)ရက်– ဆက်၍ လျှိုင်ကော်၊ တောင်ကွဲစေတီ၊ ထီးပွင့်ကန်ပါ (၆)ရက်။ (၄–၁၁– ၂၀၁၄) ထွက်မည်။ • ထားဝယ်နှစ်ကျိပ်ရှစ်ဆူပွဲ၊ ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ ကျိုကွမီ၊ စက်ခ(၆)ရက် ဆက်၍–မြိတ်(ဘိတ်) ဘုရားစုံပူး (၈)ရက် (၃–၁၁– ၂၀၁၄)ထွက်မည်။ • ကျိုက်ထီးရိုး၊ ကျိုက်ပေါ်လောမ့ဉ္ဇရှင်၊ ပဉ္စားရှေမော်ဓော(ငနေ့ဉ်) • မဲလံဆံတော်ရှင်၊ ကျောက်ပိရဟန္တာ၊ ကုသိန္နာရုံ၊ ကေလာသ၊ ကျိုက်ထီးဆောင်း(သောကြာ/စနေ) အမှတ်(၁၇)၊ ကျိုတ္တရာစံလမ်း၊ ကျောက်ခြောင်းရေး၊ တာမွေမြို့နယ်။ • ချောင်းသာ(နေ့ဉ်)
☎01-391577. 09-5122961. 09-254821597. 056-21671

23 ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏာန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနုံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။
မဆလာ (ဟင်းခတ်အမွှေးအကြိုင်)
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၂ ၀၉၇၃၀၀၅၆၃၀၊ ၀၉၈၆၃၃၆၅၅၊ ၀၉၂၅၅၀၄၉၉၃

since1984 095146452
ဦးဟန်သာ အင်္ဂလိပ်စာ
အ ဖြူ ။ ရေး
တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံ့လမ်းတမာရွတ်လှည်းတန်း
အထက် မြန်မာပြည်တက္ကသိုလ်များ အတွက်
TUTOR ဝင်ခွင့်
နေစဉ်တတ်တန်းခွဲသစ်များ ထပ်ဖွင့်ပြီ

ဆရာဒွေ အင်္ဂလိပ်စာသင်တန်း
သန္တိ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်သည် ဆရာများ ကိုယ်တိုင် လက်ကိုင်ထားသင်ပေးနေသည့် (၀/ဒုတွဲ)စာအုပ်ဖြစ်၍ အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက်(၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြီး၊ ဘွဲ့ရ၊ ၁၀–တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
နိုဝင်ဘာ (၅/၆/၈)ရက်နေ့ (၀/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၅ တန်းမှ ၁၀တန်းထိ ဗိုင်း / Guide / အိမ်လိုက်သင်သည်။
(၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
01-375970, 0951 72096, 0925 4541441

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်
(100'X 200') ၊ နှစ် ၆၀ ဂရန်မြေ
အမှတ် (၃) လမ်းမ၊ တစ်ကွက်ငုပ်
(စက်ရုံ၊ ဝိုဒေါင်၊တည်းခိုခန်း) ဆောက်ရန်၊
အချက်အခြာ။
၀၉-၅၅၀၃၆၄,၀၉-၅၁၄၃၁၉၁ ၂.
မှတ်ချက်။ ။အကျိုးဆောင်ခ 1%ပေးမည်။

Native Speaker များ၏ အင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပါပြီ။
Think in English
Think in English
ကလေးများအတွက် စကားပြော၊ လူကြီးများအတွက် စကားပြောနှင့် IELTS စာမေးပွဲ
ပြင်ဆင်မှုသင်တန်းများအတွက် ကျောင်းသားများ ဆက်လက်လက်ခံနေပါပြီ။
ခုပဲ 09 425026102 နှင့် 09 256095451 သို့ ဆက်လိုက်ပါ။
အမှတ်(၃)၊ ဦးဝိဇ္ဇာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ (ရွှေဘုန်းပွင့်ဘုရားအနီး)

၂၀၁၄ ခုနှစ် ၊ နိုဝင်ဘာလ ထွက်ပြီ။
• အောင်မြင်သူတွေ စိတ်တည်ငြိမ်အောင် ဘယ်လိုနေလဲ
• ကမ္ဘာ့ဖလား ရရှားသို့ သွားနေပြီ
• Myanmar Global Investment Forum
• ပုံစံသစ်နဲ့ ကျင်းပခဲ့တဲ့ အာဆီယံ-တရုတ် စွန့်ဦးတီထွင်သမားများ တွေ့ဆုံပွဲ
CEO
ကမ္ဘာ့ဖလား ရရှားသို့ သွားနေပြီ
Myanmar Global Investment Forum
ပုံစံသစ်နဲ့ ကျင်းပခဲ့တဲ့ အာဆီယံ-တရုတ် စွန့်ဦးတီထွင်သမားများ တွေ့ဆုံပွဲ
9
M
5
i
Like
Mobile App
ကျော်ရဲ့ အနှောက်
တန်ဖိုး ၂,၅၀၀ကျပ်
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

အမျိုးသားပညာရည်မြင့်မားရေးနှင့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များပေါ်ထွန်းရေးသို့

ယနေ့နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ငန်းနယ်ပယ်အလိုက် အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တတိယအဆင့်အရှိန်အဟုန်မြင့် ဆောင်ရွက်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးအရည်အသွေးမြင့်မားရေးနှင့် အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီဖြစ်စေရေးအတွက် ပြုပြင်ပြောင်းလဲနိုင်ခဲ့မှုများကို ပြန်လည်ဆန်းစစ်ကြည့်ပါက အရည်အသွေးမြင့်တင်ရေးလုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန်အတွက် မိဘပြည်သူများ ကျယ်ပြန့်စွာပါဝင်လျက်ရေးဆွဲထားသော အမျိုးသားပညာရေး ဥပဒေတစ်ရပ်ကိုလည်း ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးပြီးဖြစ်သည်။

အဆိုပါ အမျိုးသားပညာရေးဥပဒေသည် မြန်မာနိုင်ငံ၌ ယခင်ကမရှိခဲ့ဖူးသေးသော တစ်မျိုးသားလုံး၏ ပညာရေးနှင့် သက်ဆိုင်သည့် မူကြို အရွယ် ပညာရေးမှစ၍ တက္ကသိုလ်ပညာရေးအထိ အဆင့်ဆင့်သော အတန်းပညာရေးဆိုင်ရာကိစ္စရပ်များနှင့် ကျောင်းပညာရေးစနစ်အပြင် ကျောင်းပြင်ပပညာရေး၊ ကိုယ်တိုင်လေ့လာသင်ယူပညာရေးနှင့် လူတိုင်းအကျိုးဝင်ပညာရေးစသည့် စနစ်အမျိုးမျိုးအတွက် အကျိုးဝင်သော Mother Law သို့မဟုတ် Policy Law တစ်ခုပင်ဖြစ်သည်။ ပညာရပ်နယ်ပယ်ကဏ္ဍအနေဖြင့် ကြည့်ပါက အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ပညာအရည်အသွေးတိုးမြင့်ရေး၊ အရည်အသွေး အာမခံမှုရှိရေး၊ နိုင်ငံတကာအသိအမှတ်ပြုအဆင့်ရှိရေးအတွက် မဖြစ်မနေ လက်တွေ့ကျကျ ဆောင်ရွက်ရန်လိုသည့် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခွင့်ရှိရန် ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်ဖြစ်သည်။

အမျိုးသားပညာရေးဥပဒေသည် ဖော်ပြပါအတိုင်း ပညာရပ်နယ်ပယ်အားလုံး အကျုံးဝင်လွှမ်းခြုံသည့် ဥပဒေဖြစ်သည်နှင့်အညီ ထိုဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် နည်းဥပဒေများ၊ ကဏ္ဍအလိုက် ဥပဒေများကို အသေးစိတ်ကျယ်ပြန့်စွာ ညှိနှိုင်းဆွေးနွေး၍ ဆက်လက်ပြုစုပြဋ္ဌာန်းရမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်နေချိန်တွင် အမျိုးသားပညာရေးဥပဒေနှင့်အညီ ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲခြင်း၊ စီမံကိန်းအခြေပြု ဘဏ္ဍာငွေလိုအပ်ချက်များ ရေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်မှ နှစ်စဉ်တိုးမြင့်ခွင့်ပြုပေးလျက်ရှိသော

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

ပညာရေးရင်းနှီးမြှုပ်နှံမှုများကို သုံးစွဲဆောင်ရွက်ရာတွင် ကာလတိုအတွင်းချက်ချင်းအကျိုးအမြတ်ရရှိနိုင်သော ပညာရေးမြှင့်တင်မှုဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအသုံးပြုနိုင်ရေးအတွက် ဒေသအသီးသီးသို့ ကွင်းဆင်းပြီး ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုင်ငံတော်အတွင်း ဒေသအသီးသီးရှိ မိဘပြည်သူများနှင့် တွေ့ဆုံရာတွင် ဆောင်ရွက်ရန်လျာထားသည့် ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများအပေါ် မိဘပြည်သူများ၏ သဘောထားအမြင်နှင့် ဆန္ဒကိုရယူ၍ ရှေ့လုပ်ငန်းစဉ်များအဖြစ် ပေါင်းစပ်စီစဉ်လျက်ရှိသည်။

ဤကဲ့သို့သော အခြေအနေတွင် ပညာရေးကဏ္ဍအသီးသီး၏ ပြုပြင်ပြောင်းလဲမှုများအနက် အဆင့်မြင့်ပညာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၌ အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်များအားလုံးသည် ပညာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ကြီးကြပ်မှုအောက်တွင် ရှိခဲ့ရာမှ ယခုပြဋ္ဌာန်းလိုက်သော အမျိုးသားပညာရေးဥပဒေအရ လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရန် ခွင့်ပြုပြီးဖြစ်သည်။ ထို့အပြင် အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းချက်အရ အဆင့်မြင့်ပညာသင်ကျောင်းများသည် နိုင်ငံတော်မှ နှစ်စဉ်တိုးမြင့်ခွင့်ပြုလျက်ရှိသည့် ဘဏ္ဍာငွေကို ရယူခွင့်ရှိသည့်အပြင် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင်ဆောင်ရွက်ခွင့်ကိုလည်း ပေးထားပြီးဖြစ်သည်။

တက္ကသိုလ်များတွင် လွတ်လပ်၍ တက်ကြွသောပညာရပ်ဝန်းကျင်

အမျိုးသားပညာရည်မြင့်မားရေးနှင့် နိုင်ငံတကာ အဆင့်မီတက္ကသိုလ်များ ပေါ်ထွန်းရေးအတွက် လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်ခွင့် အခွင့်အရေးကို အမိအရဆုပ်ကိုင်လျက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်။

ကောင်းများ ဖန်တီးနိုင်ခွင့်၊ တက္ကသိုလ်၏ ပညာရည်မြင့်မားရေး၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ အဆင့်အတန်းဆိုင်ရာ အသိအမှတ်ပြုမှု ရရှိရေးအတွက် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ပြီး လက်တွေ့လုပ်ငန်းနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ စက်မှု၊ ကုန်ထုတ်လုပ်မှုနယ်ပယ်တို့နှင့် အပြန်အလှန် ချိတ်ဆက်မှုရှိသည့် တက္ကသိုလ်များအဖြစ် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်၊ ကျောင်းသားများသည် ၎င်းတို့၏ အရည်အသွေး၊ ဆန္ဒနှင့် ဝါသနာကိုအခြေခံ၍ တက္ကသိုလ်ဝင်ခွင့်၊ စာမေးပွဲဖြေဆိုနိုင်ခွင့်၊ တက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်းပြင်ပလှုပ်ရှားမှုဖြစ်သော လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ခွင့်စသည်တို့ကို အဆင့်မြင့်ပညာရေးဥပဒေတွင် အသေးစိတ်ထည့်သွင်းရေးဆွဲလျက်ရှိသည်။

အမျိုးသားပညာရေးဥပဒေတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားပေးမြှင့်တင်ရန် အခြေခံမူချမှတ်ထားပြီးဖြစ်ရာ ပုဂ္ဂလိကတက္ကသိုလ်ဥပဒေကိုလည်း ရေးဆွဲလျက်ရှိသည်။

ယနေ့အချိန်တွင် အထူးအရေးကြီး လိုအပ်သည်မှာ အမျိုးသားပညာရေးဥပဒေအရ ခွင့်ပြုပြီးဖြစ်သည့် လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မြင့်ပညာဥပဒေရေးဆွဲခြင်း၊ တက္ကသိုလ်အလိုက် လွတ်လပ်စွာရပ်တည်ဆောင်ရွက်ရာတွင် မိမိတက္ကသိုလ်တွင် မည်သူက မည်သို့တာဝန်ယူ၍ မည်သည့်လုပ်ငန်းများကို ဆောင်ရွက်ရမည်စသည်ဖြင့် ရှင်းလင်းစွာဖော်ပြထားသည့် တက္ကသိုလ်ပဋိညာဉ်ကို ရေးဆွဲခြင်းလုပ်ငန်းများပင်ဖြစ်သည်။ သို့မှသာ အမျိုးသားပညာရေးဥပဒေအရ ပြဋ္ဌာန်းထားသည့် အမျိုးသားပညာရည်မြင့်မားရေးနှင့် နိုင်ငံတကာအဆင့်မီတက္ကသိုလ်များပေါ်ထွန်းရေးအတွက် လွတ်လပ်စွာရပ်တည်ဆောင်ရွက်ခွင့် အခွင့်အရေးကို အမိအရဆုပ်ကိုင်လျက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ယနေ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အသွင်ကူးပြောင်းတည်ထောင်ရာတွင် လက်တွေ့ကျကျ ဆောင်ရွက်သင့်သော အများဆန္ဒနှင့်အညီ ဆောင်ရွက်လိုသော လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရရှိရန် လိုအပ်သည့်အတွက် ဆက်လက်ပြဋ္ဌာန်းရန်ရှိသည့် နည်းဥပဒေနှင့် ကဏ္ဍအလိုက် ဥပဒေများသည် ထိုလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုသည့် ဥပဒေဖြစ်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပြဋ္ဌာန်းပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေသည် လွတ်လပ်၍ တက်ကြွသော ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးခွင့်နှင့် ပညာရည်အဆင့်မြင့်မားရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည်များကို ဆောင်ရွက်ခွင့်ပြုထားသည့် ပညာရေးနှင့်ပတ်သက်သော မိခင်ဥပဒေတစ်ရပ် Mother law ဖြစ်သည်နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်သည့် နည်းဥပဒေ၊ ကဏ္ဍအလိုက်ဥပဒေနှင့် တက္ကသိုလ် ပဋိညာဉ်ရေးဆွဲရေးလုပ်ငန်းများတွင် တစ်မျိုးသားလုံးက တူညီသော ရည်မှန်းချက်ကို ဦးတည်လျက် ထိရောက်စွာပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် အမျိုးသားပညာရည်မြင့်မားရေးနှင့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များ ပေါ်ထွန်းရေးသို့ ကြိုးပမ်းဆောင်ရွက်နိုင်ကြပါရန် အလေးအနက် တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

သရက် အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာ ၂၈ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

လုပ်ငန်းများစစ်ဆေးဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က တစ်လတစ်ကြိမ် ကျေးရွာများမှ ဌေစာရင်းလချုပ်များ အချိန်မီပေးပို့သင့်ကြောင်း၊ မြို့နယ်မြစိမ်းရောင်ကော်မတီက ကျေးရွာများ၏ လည်ပတ်ရန်ပုံငွေများအား စစ်ဆေးကြပ်မတ်ပေးရန် လိုအပ်ကြောင်း ပြောကြားပြီး မြစိမ်းရောင်စီမံကိန်းဝင်လေးတိုင်စင်ရှာသို့ သွားရောက်ကာ မြစိမ်းရောင်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးရာ သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြစိမ်းရောင်စီမံကိန်းလှည့်ပတ်ရန်ပုံငွေဖြင့် ချေးယူပြီးဆောင်ရွက်ထားရှိသည့် ရေလုပ်ငန်းတွင် ငါးဖမ်းသည့်ပိုက်များဖြင့် ဆောင်ရွက်နေမှု၊ မွေးမြူရေးအနေဖြင့် ဝက်များမွေးထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

POPULAR STAR Travel & Services
Find us on Facebook
ပန္တလေးခရီးစဉ် Nov-5 Ks-130,000/- မမြိုမီးပုံးပျံပွဲတော်
တောင်ကြီးခရီးစဉ် Nov14 Ks-130,000/- အမျိုးသားနေ့အထူး
ပန္တလေး မင်းကွန်း မြင်ဦးလွင် ခမ်ကိုင်း
တောင်ကြီး အင်းလေး မင်းတယ ထပ်စမ်း ကဏ္ဍူ ကလော
446
74, Nanthar St, Ahlone.
012301866, 095129134, 09250154837

UNIQUE TRAVELS & TOURS CO.,LTD.
UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Nov: 1,8,15,22,29/Dec: 6,13,20,27 (300,000)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Nov: 1,15,29 / Dec: 13,27 (400,000)
ဥရောပ (10) နိုင်ငံ ဂျပန် +ကိုရီးယား ကိုရီးယား ပီကင်း ဗီယက်နမ်
ဩစတြေးလျ စက်ဘူ+မလေး ဂျပန် ဟောင်ကောင် ဘူဘိုင်း
အမေရိကား ဘာလီကျွန်း ဖူးခက် ရုရား ဆောင်အာဖရိက
ထိုင်ဝမ် ဗီယက်နမ်+ကမ္ဘောဒီးယား စက်ဘူ မော်လဒိုက် ဘူတန်
No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966.
708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079
UNIQUE TRAVELS & TOURS CO.,LTD.
(၃) ဦးဝယ်လျှင် + (၁) ဦး အစမ်း
တောင်ကြီး Nov:2 (220,000)
ပုဂံ၊မန္တလေး Nov:2 (220,000)
ချောင်းသာ Daily (75,000) (Hotel Max)
ငွေဆောင် (Fri) (80,000)
ငပလီ Daily (280,000) (Merciel Hotel & Resort)

INFO DAY FOR MBA BBA BE PROGRAMMES
စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာမဟာဘွဲ့ (MBA)
Master of Business Administration
(The Open University of Hong Kong, OUHK)
စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ (BBA)
Bachelor of Business Administration
(The Open University of Hong Kong, OUHK)
အင်ဂျင်နီယာပညာရပ်ဆိုင်ရာဘွဲ့ (BE)
Bachelor of Engineering
(SeoKyeong University, Seoul-Korea)
STI MYANMAR UNIVERSITY
Speaker: Klaus Ober bauer, Program Consultant
STI Myanmar University မှ တက်ရောက်ပြီး/ဆဲ ကျောင်းသား/သူများနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါသည်။
DATE : 1st, November 2014
TIME : 2:00 to 4:00 PM
VENUE : STI Myanmar University (MICT)
RSVP
www.stiedu.net
Block -10, MICT Park, University Hlaing Campus.
Tel: 377988, 507151/52, 0931702299, 09250064451

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဓာတ်အားသုံးစွဲသူ လူပုဂ္ဂိုလ်နှင့် သတ္တဝါများထိခိုက်နစ်နာမှုများကို လုံလောက်ထိုက်တန်သော လျော်ကြေးများပေးအပ်မည်

နေပြည်တော် အောက်တိုဘာ ၂၈

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြီး မေးခွန်း မေးမြန်းဖြေကြားခြင်းနှင့် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှု ရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက် လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။

ယနေ့ အစည်းအဝေးတွင် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၏ **"လျှပ်စစ်အန္တရာယ်ကြောင့် နစ်နာသူပြည်သူများအတွက် မည်သို့တာဝန်ယူဆောင်ရွက်ပေးသည်ကို သိလိုခြင်းနှင့် နောင်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ် ချွတ်ယွင်းမှုကြောင့်ဝန်ထမ်းများ ထိခိုက်နစ်နာမှုပေါ်ပေါက်ပါက ပေးလျော်သည့် လုပ်ထုံးလုပ်နည်းရှိပါကြောင်း၊ ဓာတ်အားသုံးစွဲသူ လူပုဂ္ဂိုလ်နှင့်သတ္တဝါများအတွက် ထိခိုက်နစ်နာမှုများကို လူမှုဖူလုံရေးရန်ပုံငွေမှ လည်းကောင်း၊ ဥပဒေတွင် ပြဋ္ဌာန်းချက်အရလည်းကောင်း လုံလောက်ထိုက်တန်သော လျော်ကြေးများပေးအပ်ရန်အတွက် စီစဉ်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လျှပ်စစ်အန္တရာယ်ကြောင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ရေးအတွက် ပြုပြင်သင့်သည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို နှစ်စဉ်ရရှိသောရန်ပုံငွေဖြင့် ကျခံသုံးစွဲလျက်ရှိသကဲ့သို့ ပြည်ပချေးငွေ၊ နည်းပညာအကူအညီများ ဖြင့်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ဓာတ်အားလိုင်းများ ကြိုဆိုခိုင်ရေး၊ အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးတို့အတွက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများရှင်းလင်းခြင်း၊ ရှုပ်ထွေးနေသော ဆားဗစ်ကြိုးများရှင်းလင်းခြင်း၊ ၄၀၀ ဗို့အားလိုင်းများတွင် လျှပ်စစ်အန္တရာယ် ကင်းစေရေးအတွက် ဓာတ်ကာပစ္စည်းဖုံးအုပ်ထားသော Insulated Wire များ လဲလှယ်ခြင်း၊ Earth Ring Earth Bar များ တပ်ဆင်ခြင်း၊ လိုင်းအောက်ပုခက်များ ပြုလုပ်ခြင်း၊ ဓာတ်အားလိုင်းအချင်းချင်း PVC ကြိုးများဖြင့် ချိတ်ဆက်ခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ပညာပေးအစီအစဉ်အဖြစ် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နံရံကပ်ပိုစတာများကပ်ခြင်း၊ လူသွားလူလာများသည့် စျေး၊ ကျောင်း၊ ရုံး၊ ဆေးရုံများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပိုစတာများစိုက်ထူခြင်း၊ စာသင်ကျောင်းများ၊ ရုံးနှင့် ရပ်ကွက်များတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမော်သာထွေး။

ယင်းနောက် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာ"** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်က ကော်မရှင်ကတင်သွင်းထားသည့် ရွေးကောက်ပွဲစနစ်များ အနက် မဲများသူအနိုင်ယူစနစ်(FPTP) နှင့် အချိုးကျကိုယ်စားပြုစနစ်(PR) တို့ကို ပေါင်းစပ်ထားသည့် (MMP) စနစ်သည် ပြည်သူများ၏ အခြေခံအခွင့်အရေးများကို ပိုင်းခြားသတ်မှတ်သကဲ့သို့ဖြစ်နေသည့်အပြင် မဲရေတွက်မှုအပိုင်းတွင်လည်း အားနည်းချက်များ ရှိသဖြင့် ကန့်ကွက်ပါကြောင်း၊ ရွေးကောက်ပွဲစနစ်ကို ပြုပြင်ဆောင်ရွက်လိုလျှင် မဲဆန္ဒရှင်ပြည်သူများအား ချပြ၍ ပြည်သူများ၏ သဘောထားနှင့် ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်သင့်ပါကြောင်းဖြင့်ဆွေးနွေးသည်။

ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက FPTPစနစ်ဖြင့်သာ ရွေးကောက်ပွဲ ပြုလုပ်ပြီး မည်သည့်ရာခိုင်နှုန်းဖြင့် ဖြစ်စေ မဲအများဆုံးအနိုင်ရသူအား ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ ဒုတိယ၊ တတိယခိုင်လုံမဲရသည့် ပုဂ္ဂိုလ်နှစ်ဦးကိုလည်း သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ဒုတိယနှင့် တတိယနေရာများတွင် ခိုင်လုံသူများဖြစ်ကြောင်း စိစစ်အတည်ပြု ကြေညာရမည်ဖြစ်ပါကြောင်း။

မူလကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားသူသည် အုပ်ချုပ်ရေးမဏ္ဍိုင်ဘက်တွင် တာဝန်ပေးအပ်ခြင်းခံရသောကြောင့် သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် ၎င်း၏ လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သည့်အခါ ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်း မပြုလုပ်ဘဲ အတည်ပြုထားသည့်အတိုင်း ဒုတိယနေရာမှ ပုဂ္ဂိုလ်အား သက်ဆိုင်ရာလစ်လပ် မဲဆန္ဒနယ်မြေ၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုကြေညာရမည်ဖြစ်ပါကြောင်း၊ အကယ်၍ ဒုတိယနေရာမှပုဂ္ဂိုလ် ဆက်လက်လစ်လပ်ပါက တတိယနေရာမှ ပုဂ္ဂိုလ်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုကြေညာရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်သက်တမ်းတစ်ရပ်တွင် တတိယနေရာမှ ပုဂ္ဂိုလ်လစ်လပ်သွားမှသာလျှင် ကြားဖြတ်ရွေးကောက်ပွဲ ပြန်လည်ကျင်းပပြုလုပ်ရမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဖာဆောင်း မဲဆန္ဒနယ်မှ ဦးရဲထွန်ဦးတင်က မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံနှစ်ခုကြားတွင် တည်ရှိပြီး တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်ကြသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် အင်မတန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိအကျိုး၊ မိမိပါတီအကျိုးကို ရှေ့တန်းမတင်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့်ဆွေးနွေးသည်။

လှည်းကူး မဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်းက မိမိတို့နိုင်ငံသည် ဒီမိုကရေစီသက်တမ်း နုနယ်သေးသောကြောင့် ပါတီထောင်ပြီးနေရာ ခွဲဝေရယူမည့်အခြေအနေကို ဂရုပြု ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်းကို လွှတ်တော်တစ်ခုတည်းက မဆောင်ရွက်သင့်ဘဲ လူထုဆန္ဒခံယူပွဲ ကျင်းပပြီး ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်က လေ့လာသုံးသပ်ရေး ကော်မရှင်က တင်ပြခဲ့သော ရွေးကောက်ပွဲနည်းလမ်း (၈)ခုရှိသည့် အနက် အမှတ်စဉ်(၄)ရွေးကောက်ပွဲပုံစံ(၂) ဖြစ်သည့် မဲအများဆုံးရသူ အနိုင်ယူစနစ်နှင့် ထိုနိုင်သူ၏မဲမပါ ကျန်ရွေးချယ်ခြင်းမခံရသော ကိုယ်စားလှယ်များ၏ မဲအားလုံးနှင့် ကိုယ်စားလှယ်ရွေးချယ်ခြင်းမပြုရသေးသော မြို့နယ်များမှ မဲများနှင့်ပေါင်း၍ ပါတီမဲအဖြစ် ပြောင်းလဲသော ရွေးကောက်ပွဲစနစ်ကို အနာဂတ်နိုင်ငံတော်တွင် ကျင့်သုံးသွားခြင်းဖြင့် တိုင်းရင်းသားအားလုံး၊ ပါတီအားလုံး၊ မဲဆန္ဒရှင်ပြည်သူလူထုအားလုံးက ကျေနပ်လက်ခံသော အမျိုးသား ပြန်လည်သင့်မြတ်လာစေသော မြန်မာ့ရေခံမြေခံနှင့်ကိုက်ညီသော မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေသည့် ရွေးကောက်ပွဲစနစ်တစ်ခု ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အဆောက်အအုံနှင့် ဆောက်လုပ်ရေးညွှန်ကြားမှုဦးစီးဌာနကို မကြာမီစတင်ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်-မိုင်းယောင်း ကားလမ်းအား အဆင့်မြှင့်တင်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မိုင်းဖြတ် - မိုင်းယောင်းလမ်းကို ဒေသခံပြည်သူများ အချိန်တိုအတွင်း ကူးသန်းသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် ကတ္တရာလမ်းအဆင့်ရောက်ရှိရန် ရည်မှန်း၍ ဆောင်ရွက်လျက်ရှိရာ ကျန်ရှိနေသော ကျောက်လမ်းနှင့် အမာခံလမ်းများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများတင်ပြတောင်းခံပြီး ကတ္တရာလမ်းအဆင့်ရောက်ရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးရဲမင်းထွေး၏ **အထပ်မြင့်ကန်ထရိုက်တိုက်များ ဆောက်ရာတွင် ဒီဇိုင်း(Design)အပိုင်း၊ အရည်အသွေးနှင့် စံချိန်စံညွှန်းစစ်ဆေးမှုအပိုင်း (Specification and Quality Control)နှင့် သက်ဆိုင်ရာ ဆောက်လုပ်ရေး အဆင့်များ (Construction Sequences) အလိုက် စနစ်တကျဆောင်ရွက်နိုင်မှုအား စစ်ဆေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် အရည်အသွေးပြည့်ဝ၍ လုံခြုံစိတ်ချရသော အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာအသင်းအဖွဲ့များဖြင့် ရေရှည်ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က အထပ်မြင့် အဆောက်အအုံများ တည်ဆောက်ရာတွင် လည်းကောင်း၊ လူဦးရေ ၅၀၀ နှင့်အထက် ဝင်/ထွက်အသုံးပြုမည့် အဆောက်အအုံ၊ အားကစားရုံ၊ စျေး၀ယ်စင်တာကြီးများနှင့် ခန်းမကြီးများ တည်ဆောက်ရာတွင်လည်းကောင်း၊ ဒီဇိုင်းအပိုင်း၊ အရည်အသွေးပိုင်းနှင့် စံချိန်စံညွှန်းစစ်ဆေးမှုအပိုင်း၊ သက်ဆိုင်ရာ ဆောက်လုပ်ရေးအဆင့်များ

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမင်းထွေး။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးတင့်။

သည် များစွာအရေးကြီးပါကြောင်း။

ထို့အတူ အထပ်နိမ့်အဆောက်အအုံများနှင့် အခြားဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းအားလုံး တည်ဆောက်ရာတွင်လည်း Construction Industry တစ်ခုလုံးအတွက် မှန်ကန်သည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ တစ်ပြေးညီထုတ်ပြန်ရန် အလွန်အရေးကြီးပါကြောင်း၊ အမျိုးသားလွှတ်တော်က မြန်မာနိုင်ငံ၏အဆောက်အအုံကို ဥပဒေအဆိုတင်ပြပြီးဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် UN - Habitat၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့နှင့် ညှိနှိုင်း၍ Myanmar Building Code ကိုရေးဆွဲပြုစုနေပါကြောင်း။

အထပ်မြင့်ကန်ထရိုက်တိုက်များ ဆောက်လုပ်ရာတွင် ဒီဇိုင်းပိုင်း၊ အရည်အသွေးနှင့် စံချိန်စံညွှန်းစစ်ဆေးမှုပိုင်းနှင့် သက်ဆိုင်ရာ ဆောက်လုပ်ရေးအဆင့်များအလိုက် စစ်ဆေးဆောင်ရွက်ခြင်းကို အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့က ၂၀၁၃ ခုနှစ်မှစ၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထပ်မြင့် အဆောက်အအုံစစ်ဆေးခြင်းများကို ယခုထက်ပိုမိုစနစ်တကျ စီစဉ်နေသကဲ့သို့ အဆောက်အအုံ လုပ်ငန်းများအားလုံးကို ကောင်းမွန်စွာ စနစ်တကျလမ်းညွှန်ပေးနိုင်ရန်အတွက် နိုင်ငံတကာနှင့်အညီ Construction Industry Development Board ကို ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ဆောက်လုပ်ရေးလုပ်ငန်းများ ခြုံငုံ၍ညွှန်ကြားနိုင်မည့် အဆောက်အအုံနှင့် ဆောက်လုပ်ရေးညွှန်ကြားမှုဦးစီးဌာနကို မကြာမီစတင်ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယနေ့ အစည်းအဝေးတွင် "မျိုးစေ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း" အား အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များ အတိုင်း အတည်ပြုပြီး "မြန်မာ့လေကြောင်းဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထား ကွဲလွဲချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြကာ အတည်ပြုချက်ရယူရန် ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

✪ ပြည်ထောင်စုမှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပြောင်းရွှေ့ရမည့်ကျေးရွာများ၏ ရွှေ့ပြောင်းထောက်ပံ့ကြေးငွေ အသုံးစရိတ်၊ ရေမြောင်းနှင့် သောက်သုံးရေကန်တူးဖော်ခြင်း၊ နစ်နာဆုံးရှုံးခဲ့ရသော လယ်ယာမြေများအတွက် ထိုက်သင့်သောကရုဏာကြေး ပေးအပ်နိုင်ရေး၊ တောင်သူများအား လယ်ယာလုပ်ပိုင်ခွင့် ပုံစံ(၇)ထုတ်ပေးနေမှုနှင့် ကျန်ရှိနေသည့်အခြေအနေ၊ မြေယာများ စနစ်တကျအသုံးချစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ထားရှိမှုတို့အား ရှင်းလင်းတင်ပြသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှု၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မှု၊ ငွေလုံးငွေရင်းဘဏ်ဂျက်ရေးဆွဲရာတွင် ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မည့်အခြေအနေ၊ လွတ်တော်ကတိကဝတ်များ လုပ်ငန်းပြောင်းတင်ပြလာမှုနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်သွားမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက သာမန်လုပ်ငန်းသုံးရင်းနှီးငွေအပါအဝင် ငွေလုံးငွေရင်းနှင့် အဖွဲ့အစည်းများတွင် ရင်းနှီးငွေတို့အတွက် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံမှု၊ ပင်စင်လစာနှုန်းများ တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်းကြောင့် လိုငွေ၊ ချေးငွေများအတွက် အတိုးစရိတ်ပေးချေရန်လိုငွေ၊ ကုန်သွယ်လုပ်ငန်းခွန်များပေးရန်၊ ဆောင်ရွက်ဆဲစီမံကိန်းအတွက် လိုငွေဖြစ်ပေါ်မှု အခြေအနေတို့အား ရှင်းလင်းတင်ပြသည်။

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က သံမဏိစက်ရုံများအတွက် ပေးချေရမည့် ကုန်ကျစရိတ်များ၊ သံမဏိစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ တိုးချဲ့တည်ဆောက်မည့်အခြေအနေများ၊ ကုန်ချောထုတ်လုပ်ရောင်းချနိုင်ရန် အပြီးသတ်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ထွက်ရှိလာမည့် ထုတ်ကုန်နှင့် ရောင်းချမည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ခွင့်ပြုငွေထက် ကျော်လွန်သုံးစွဲရခြင်းနှင့် ပတ်သက်၍ အားကစားကွင်းများ၊ အားကစားရုံများ၊ အားကစားလေ့ကျင့်ရေးစခန်းများနှင့် ရေကူးကန်များ အတွက် လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ပေးချေခြင်းနှင့် ယခင်ကြွေးကျန်ရှိခြင်း၊ နိုင်ငံခြား အတိုင်ပင်ခံစရိတ်အတွက် သုံးစွဲငွေ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နည်းပြအသစ်များ ခေါ်ယူလေ့ကျင့်ရန်လိုအပ်သည့်အတွက် အားကစားနည်းအလိုက် လိုအပ်သည့် နည်းပြသစ်များဌားရမ်းခဲ့ရမှု အခြေအနေတို့အား တင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဗိုလ်ရှုခံအဆောက်အအုံ တည်ဆောက်ခြင်းအတွက် ဆောင်ရွက်ခဲ့ရမှု၊ အထူးပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေဖြင့် လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်မှု၊ ပြည်ပအကူအညီရရှိမှု၊ ပြည်ပချေးငွေဖြင့် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေတို့အား ရှင်းလင်းသည်။

နေပြည်တော်ကောင်စီဝင် ဦးကံချွန်က မူလခွင့်ပြုရရှိငွေ၊ ငွေလုံးငွေရင်းရရှိမှုအခြေအနေ၊ ဖြည့်စွက်တောင်းခံရသည့် အကြောင်းအရာများ၊ လမ်း၊ တံတားနှင့် ရေရရှိရေးအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေ တောင်းခံမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူနှင့် အခြေခံသဘောများ ဆွေးနွေးခြင်းပြီးဆုံးကြောင်းနှင့် ရင်ငွေသုံးငွေများအတွက် အဆိုတင်သွင်း ဆွေးနွေးခြင်း အစီအစဉ်ကို အစည်းအဝေး(၂၀)ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

(သတင်းစဉ်)

✻ မြန်မာ့စက်မှုမှ

တာဝန်ပေးစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ယင်းဆိပ်ကမ်းများအနက် တစ်ခုအပါအဝင်ဖြစ်သော မြန်မာ့စက်မှုဆိပ်ကမ်းတွင် မွန်းလွဲ ၁ နာရီခန့်က တာဝန်ကျ Mobile Team အဖွဲ့များ စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

စက်မှုဆိပ်ကမ်းတာဝန်ကျ Mobile Team အဖွဲ့ခေါင်းဆောင် ဦးငွေစိုးက မိမိတို့ဆိပ်ကမ်းမှာ တစ်ရက်လျှင် အမယ်စုံပါဝင်သော ကွန်တိန်နာ အလုံးရေ ၂၀၀ ထိ အဝင်အထွက်ရှိကြောင်း၊ Red Channel ကို အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများက စစ်ဆေးမည်ဖြစ်ပြီး Yellow Channel ကို X-ray ဖြတ်ကာ Green Channel ကို သက်ဆိုင်ရာဌာနများ၏ စာရွက်စာတမ်း များပြည့်စုံပါက စစ်ဆေးမှုမပြုဘဲ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း၊ Yellow Channel နှင့် Green Channel ကွန်တိန်နာများမှ သတင်းရ၍သော်လည်းကောင်း၊ စစ်ဆေးရန်လိုအပ်၍သော်လည်းကောင်း ရွေးထုတ်၍ ဆူးလေမြေပြင်ကုန်ချစစ်သို့ ပို့ဆောင်မှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းဆိပ်ကမ်းတွင် တစ်ပတ်လျှင် နိုင်ငံတကာသွား သင်္ဘောအဝင်အထွက်သုံးစင်းခန့်ရှိပြီး တာဝန်ကျ ဝန်ထမ်းအင်အား ၂၇ ဦးတာဝန်ထမ်းဆောင်နေကြောင်း သိရသည်။ တာဝန်ထမ်းဆောင်ချိန်မှ ယခုအထိ အရေးယူမှု အပိုင်းတွင် Without Body ကားမျိုးစုံ ၃၅ စီးအား တားဆီးထားပြီး သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေးမြို့နယ်၌ ဗမ်းဆီးမိသည့် မိကျောင်းမ သေဆုံး

ရေး အောက်တိုဘာ ၂၈

မွန်ပြည်နယ် ရေးမြို့ လမိုင်းဘိနယ် မော့ကနင်ကျေးရွာ ဝဲဒုံချောင်းအတွင်း ဖမ်းဆီးရမိခဲ့သည့် အလျား ခြောက်ပေ သုံးလက်မ၊ လုံးပတ်နှစ်ပေရှိသည့် မိကျောင်းအမသည် ရေးမြို့နယ် သစ်တောဦးစီးဌာန၌ ငါးရက်ကြာ ယာယီထိန်းသိမ်းထားစဉ် အောက်တိုဘာ ၂၇ ရက် နံနက် စနာရီခွဲက ဦးခေါင်းအတွင်းရရှိထားသော အလျား နှစ်လက်မ၊ အနက်တစ်လက်မခန့်ရှိ အနာဟောင်းမှ သွေးဆိပ်တက်ခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ထိန်းသိမ်းရေးဆေးသုတေသနဌာနမှ ဒေါက်တာထွန်းမြင့်၏ စစ်ဆေးတွေ့ရှိချက်အရ သိရသည်။

အဆိုပါသေဆုံးသွားသောမိကျောင်းအမမှာ အသက် နှစ်နှစ်အရွယ်ဖြစ်ပြီး အများပြည်သူများအား ရုပ်လုံးသွင်းကြည့်ရှုနိုင်ရန်အတွက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ သဘာဝသမိုင်းပြတိုက်၌ ထားရှိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(ထွန်ထွန်)

အိုင်တီယူညီလာခံနှင့်ဆက်စပ်အစည်းအဝေးများ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၈

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့ (အိုင်တီယူ)၏ အာဏာပြည့်ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရာ အောက်တိုဘာ ၁၉ ရက်တွင် ၂၀၁၄ ခုနှစ် ဘူဆန်အိုင်စီတီဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့လည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အတွင်း ၂၀၁၄ ခုနှစ် အိုင်တီယူ အာဏာပြည့်ညီလာခံသို့လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ကမ္ဘာ့အိုင်စီတီဆိုင်ရာ ဝန်ကြီးများတွေ့ဆုံပွဲ အစီအစဉ်သို့လည်းကောင်း တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပသည့် အိုင်တီယူ အာဏာပြည့်ညီလာခံ၌ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် သက်ဆိုင်သည့် မူဝါဒဆိုင်ရာ မိန့်ခွန်းတစ်ရပ်ပြောကြားသည်။

အိုင်တီယူ အာဏာပြည့်ညီလာခံသည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့၏ အမြင့်ဆုံးအစည်းအဝေးဖြစ်ပြီး အိုင်တီယူအထွေထွေအတွင်းရေးမှူးချုပ်၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒါရိုက်တာများ ရွေးချယ်ခြင်းနှင့် လေးနှစ်တာကာလအတွင်း ကမ္ဘာတစ်ဝန်း ဆက်သွယ်ရေးနှင့် အိုင်စီတီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒချမှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

မြန်မာယူ-၁၉ အသင်းဂုဏ်ပြုပွဲအတွက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်

ရန်ကုန် အောက်တိုဘာ ၂၈

၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိထားသည့် မြန်မာ ယူ-၁၉ အသင်းအား ဂုဏ်ပြုပွဲ ပြုလုပ်မည့် အစီအစဉ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ အထူးသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ပြုလုပ်သွားမည် ဖြစ်သည်။

ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရ မြန်မာ ယူ-၁၉ အသင်းအား နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဂုဏ်ပြုပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့၌ မော်တော်ယာဉ်များဖြင့် လှည့်လည် အောင်ပွဲခံရန် စီစဉ်ထားသည်။ ယင်းအစီအစဉ်များ၏ အသေးစိတ်အစီအစဉ်များကို ယင်းနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားမည်ဖြစ်သည်။

(ဖိုးသော်ဇင်)

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်း ဘိန်းခင်းများဖျက်ဆီး

ဟိုပုံး အောက်တိုဘာ ၂၈

နိုင်ငံအသီးသီးတွင် ရင်ဆိုင်နေရသည့် စီးပွားရေး၊ လူမှုရေး၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အန္တရာယ်ပြုနေသော မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ ဘိန်းစိုက်ပျိုးသည့် ကျေးရွာများသို့ ဘိန်းခင်းများဖျက်ဆီးရန် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဝင်း ဦးစီးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းဘိန်းခင်းဖျက်ဆီးရေးအဖွဲ့သည် အောက်တိုဘာ ၁၇ ရက်မှ စတင်၍ ဟိုပုံးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းဘိန်းခင်းဖျက်ဆီးရေးအဖွဲ့သည် ဖက်ရမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ဟွေ့ရေခေါက်ရွာသူကြီးနှင့် ရွာသားအင်အားများဖြင့် ပူးပေါင်း၍ အမြင့် ၁ ပေနှင့် ၁ ပေခွဲခန့်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်းများနှင့် သီးပွင့်ဆဲဘိန်းခင်းများကို ဖျက်ဆီးခဲ့ရာ ၁၀ ရက်တာကာလအတွင်း စုစုပေါင်း ဘိန်းခင်း ၈က ၇၈၀ ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးသည့် တောင်သူများကိုလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးက အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျန်ရှိနေသည့် ဘိန်းခင်းများကိုလည်း ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နန်းဦးခမ်း(ဟိုပုံး)

ပြည်တွင်းရေးရာ

ဝန်ကြီးချုပ်သစ် ခရီးအစနှင့် မြန်မာ့ဖွံ့ဖြိုးရေး အိန္ဒိယပါဝင်လာမှု

တွေ့ဆုံမေးမြန်း - မိုးသူဇာစိုး
ဓာတ်ပုံ - မုဒြာ

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့်တွေ့ဆုံခြင်း

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး
H.E Mr. Gautam Mukhopadhaya

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့နိုင်ငံများ၏စိတ်ဝင်စားမှုရေချိန်မြင့်တက်နေမှု၊ အရှေ့တောင်အာရှဒေသ၏ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသောအနေအထားတွင်တည်ရှိနေမှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတို့အကြား အာရှ၏နောက်ဆုံးကျန်ရှိသော စီးပွားရေးစျေးကွက်သစ်အဖြစ် ရှုမြင်လာမှုကြောင့် မြန်မာနိုင်ငံ၏အရေးပါလာမှုသည် အိမ်နီးချင်းနိုင်ငံများအကြား အလေးထားရမည့်ကဏ္ဍတစ်ခုဖြစ်လာသည်။

မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်ယူထားစဉ် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အမေရိကန်သမ္မတ ဘာရက် အိုဘားမား၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် အခြားဒေသတွင်း နိုင်ငံ့ခေါင်းဆောင်များလည်းတက်ရောက်ကြမည်ဖြစ်ရာ အိန္ဒိယနိုင်ငံ၏ ယခုနှစ်အတွင်း ရွေးကောက်ခံဝန်ကြီးချုပ်ဖြစ်လာသည့် နရေန္ဒြာမိုဒီလည်း အပါအဝင်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်သစ်မိုဒီ၏ အိန္ဒိယနိုင်ငံ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြင့်တင်ဆောင်ရွက်ချက်များလည်း အပါအဝင်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်သစ်၏ မြန်မာနိုင်ငံ ခရီးအစနှင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr. Gautam Mukhopadhaya က "မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်းတွေအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်း ကနေ ၂ သန်းဝန်းကျင်အထိ သုံးစွဲအကောင်အထည်ဖော်သွားဖို့ ကတိကဝတ်ပြုထားပါတယ်။ ဒီဆောင်ရွက်ချက်ဟာ အိမ်နီးချင်းနှစ်နိုင်ငံ အကျိုးဖြစ်ထွန်းရေးအတွက် ဖွံ့ဖြိုးဆဲမိတ်ဖက်နိုင်ငံ အချင်းချင်း အပြန်အလှန်အကျိုးပြုခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

လာမည့်နိုဝင်ဘာလတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့၏တွေ့ဆုံမှုသည် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်သစ်တာဝန်ယူပြီး ပထမဆုံးတွေ့ဆုံမှုဖြစ်ကာ မြန်မာ-အိန္ဒိယ စီးပွားရေးဆိုင်ရာကူးသန်းရောင်းဝယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍနှင့် လူအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအခြေအနေများကို ဆွေးနွေးသွားဖွယ်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၏ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် အိန္ဒိယလုပ်ငန်းရှင်တို့ ရင်းနှီးမြှုပ်နှံရန်အဆင်သင့်ဖြစ်နေပြီး မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံလုံးအတွက် စီးပွားရေးအခွင့်အလမ်းနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးတက်ရှာဖွေရမည့် အကောင်းဆုံးအချိန်ဖြစ်....

ယခုနှစ် နှစ်လယ်ပိုင်းမှစ၍ အိန္ဒိယဝန်ကြီးချုပ်သစ်၏ "Make in India" အစီအစဉ်ကို ဒေသတွင်းနိုင်ငံများတွင် စတင်နိုင်ခဲ့ရာ ယင်းစေ့ဆော်မှု၏ကဏ္ဍတစ်ရပ်အဖြစ် အိန္ဒိယ အရှေ့မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ဒေသအကြား စက်မှုစကြီ်လမ်းအဖြစ် ထားရှိနိုင်ရေးဖြစ်ရာ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရုံသာမက အိန္ဒိယအရှေ့မြောက်ပိုင်းဒေသကို ဖွံ့ဖြိုးတိုးတက်စေလိုခြင်းလည်း ဖြစ်သည်။

ထို့ပြင် အိန္ဒိယ-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု အခွင့်အလမ်းများတိုးမြှင့်ရေးအတွက် အိန္ဒိယကုန်စည်ပြပွဲများကို ၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်မြို့တွင် ငါးကြိမ်နှင့် မန္တလေးတွင် နှစ်ကြိမ်ကျင်းပနိုင်ခဲ့ပြီး အပြန်အလှန် ကုန်သွယ်မှုဆိုင်ရာ အစီအမံများထပ်မံချမှတ်နိုင်ရေးကို နှစ်နိုင်ငံအကြီးအကဲများ၏ နိုဝင်ဘာလတွေ့ဆုံမှုတွင် ဆွေးနွေးသွားဖွယ်ရှိသည်။

အိန္ဒိယဝန်ကြီးချုပ်သည် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်စဉ်အတွင်း ကုန်သွယ်မှုဆိုင်ရာကိစ္စများ၊ နယ်မြေထိစပ်နေသော နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ နိုင်ငံခြားရေးမူဝါဒဆိုင်ရာအမြင်များကို ဖလှယ်ဆွေးနွေးသွားဖွယ်ရှိကြောင်း သံအမတ်ကြီးက ပြောကြားသည်။

နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအရ အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းဒေသ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့ ဖွံ့ဖြိုးတိုးတက်စေမည့် ကုလားတန်မြစ် ဘက်စုံသုံးရေကြောင်း ပို့ဆောင်ရေးစီမံကိန်းဆောင်ရွက်နေပြီး စစ်တွေဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းကို ယခုနှစ်ကုန်တွင် စတင်နိုင်ရန် မျှော်မှန်းထားကာ ပလက်ဝမြို့ကို ကုန်းတွင်းရေကြောင်း ပို့ဆောင်ရေးအချက်အချာကျသည့်မြို့ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားတန်မြစ်ကြောင်းတစ်လျှောက်ရှိ သဘော်ဆိပ်များ အဆင့်မြှင့်တင်ခြင်းနှင့် ပလက်ဝမြို့မှ အိန္ဒိယသို့ ကားလမ်းဖောက်လုပ်ပြီးစီးပါက နှစ်နှစ်၊ သုံးနှစ်အတွင်းမှာပင် ဒေသတွင်းကူးသန်းရောင်းဝယ်မှု၊ အထူးသဖြင့် ဘင်္ဂလားပင်လယ်အော်၏ ပင်လယ်ရေကြောင်း ကုန်သွယ်မှုတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် မန္တလေးနှင့် အင်ဖာမြို့ (Imphal) ကို တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့် ဘတ်စ်ကားလိုင်းများကို ၂၀၁၅ ခုနှစ်အတွင်း စီစဉ်သွားရန် နှစ်နိုင်ငံအစိုးရ အကြားညှိနှိုင်းထားရာ မြန်မာနိုင်ငံအလယ်ပိုင်းမှ ပဲအမျိုးမျိုးနှင့် အခြားကောက်ပဲသီးနှံများကို အိန္ဒိယသို့ တိုက်ရိုက် ကုန်သွယ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံသို့ဆက်သွယ်မည့် သုံးနိုင်ငံပေါင်းကူးဆက်သွယ်ရေး အဝေးပြေးလမ်းမကြီး (Trilateral Highway) ဖောက်လုပ်ရေးစီမံကိန်းအရ အိန္ဒိယနိုင်ငံ မိုရေးမြို့မှ မြန်မာနိုင်ငံအတွင်း တမူး၊ ကလေး၊ မန္တလေး၊ မော်လမြိုင်၊ ကော့ကရိတ်၊ မြဝတီမြို့များကိုဖြတ်ကာ ထိုင်းနိုင်ငံ မဲဆောက်မြို့အထိ အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရာတွင် ကလေး-ကလေး၀-ယာကြီးလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း၊ တမူး-ကလေး-ကလေး၀ လမ်းပိုင်းရှိ တံတားပေါင်း ၇၁ စင်း အဆင့်မြှင့်တင်ခြင်း၊ ရိုင်-တီးတိန်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်း၊ မိဇိုရမ်-တီးတိန်လမ်းဖောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ချင်းပြည်နယ်နဲ့ နာဂဒေသတွေမှာရှိတဲ့ စာသင်ကျောင်းတွေ၊ ဆေးရုံ၊ ဆေးခန်းတွေနဲ့ လမ်းတံတားပြုပြင်တာ၊ အသစ်ဖောက်လုပ်တာတွေ၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကုန်ချောထုတ်စက်ရုံကြီးတွေနဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးကဏ္ဍတွေလည်း ဒီဖွံ့ဖြိုးရေး စီမံကိန်းမှာ ပါဝင်ပါတယ်။"

"လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအနေနဲ့ နည်းပညာ၊ စွန့်ဦးတီထွင်လုပ်ငန်း၊ ဘာသာစကားတတ်ကျွမ်းမှု၊ စက်မှုလက်မှုသင်တန်းတွေ၊ စိုက်ပျိုးရေးသုတေသနနဲ့ အခြားအစီအစဉ်တွေကို လှိုင်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် တို့အပြင် ရေဆင်းတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ် တို့ခဲ့ပူးပေါင်းပြီး သင်တန်းပို့ချနေတာတွေရှိပါတယ်" ဟု သံအမတ်ကြီးက ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ အထောက်အကူဖြစ်စေရန် အစိုးရဝန်ထမ်း ၅၀၀ ကျော်ကို ကာလတိုသင်တန်းများ တက်ရောက်ရန် အိန္ဒိယသို့ နှစ်စဉ် ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းခွင့်ကိစ္စနှင့်ပတ်သက်၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များလည်း ကျန်ရှိနေသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးအင်အားသည် ၁ ဒသမ ၈ ထရီလီယံနှင့် သိပ္ပံ၊ နည်းပညာနှင့် စက်မှုလုပ်ငန်းဆိုင်ရာ စျေးကွက်မှာ အကြီးဆုံးဖြစ်သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈ ဘီလီယံ ရှိကာ အိန္ဒိယသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၉၄ ဒသမ ၈၂ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၈၅ ဒသမ ၄၆ သန်းရှိသည်။ အိန္ဒိယနိုင်ငံလုပ် စျေးနှုန်းသက်သာသော "နာနို" ကားကဲ့သို့ နည်းပညာသုံး အရည်အသွေးမြင့် ထုတ်ကုန်များကို ကမ္ဘာ့နိုင်ငံများတွင် ဖြန့်ဖြူးနိုင်ပြီဖြစ်ရာ အဆိုပါအရည်အသွေးများကို စီးပွားရေးစေ့ဆော်မှုအစီအစဉ်နှင့်ပေါင်းစပ်ကာ အလိုက်သင့်မြှင့်တင်သွားရန် အိန္ဒိယက မျှော်မှန်းထားသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးအစီအစဉ်များအပေါ် သုံးသပ်ပြောကြားရာ အိန္ဒိယနိုင်ငံ၏ ခေတ်မီစိုက်ပျိုးရေးနည်းပညာ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ နည်းပညာမြင့် စက်မှုလုပ်ငန်းများ၊ သတင်းအချက်အလက်၊ နည်းပညာနှင့် အတွေ့အကြုံများကို မြန်မာ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုနည်းပါးနေသော်လည်း မူလအတိုင်းတည်ရှိနေသော သဘာဝသယံဇာတနှင့် လူစွမ်းအားအရင်းအမြစ်များစွာရှိနေသေးကြောင်း။

ခေတ်နှင့်လျော်ညီသော စီးပွားရေးတစ်ရပ်ဖြစ်ထွန်းရန် ပညာရေး၊ ကျွမ်းကျင်မှုသင်တန်းနှင့် အရည်အသွေးမြှင့်တင်ရေးသင်တန်းများပို့ချရန် လိုအပ်နေကြောင်း၊ မြန်မာနိုင်ငံတွင် ကြွယ်ဝသောသယံဇာတရှိခြင်း၊ စိုက်ပျိုးရေးအခြေပြုနိုင်ငံဖြစ်ခြင်း၊ လူငယ်နှင့် သင်ကြားတတ်မြောက်လွယ်သော လူစွမ်းအားအရင်းအမြစ်များရှိနေခြင်းသည် အားသာချက်ဖြစ်ကြောင်း၊ မြေယာကဏ္ဍ၊ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေးကာ အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို ထင်ရှားစွာမြင်တွေ့နေရကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူတို့ကို တွန်းအားပေးဆောင်ရွက်ချက်များ ဖြစ်ထွန်းရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် အိန္ဒိယလုပ်ငန်းရှင်တို့ ရင်းနှီးမြှုပ်နှံရန်အဆင်သင့်ဖြစ်နေပြီး မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံလုံးအတွက် စီးပွားရေးအခွင့်အလမ်းနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးတက်ရှာဖွေရမည့် အကောင်းဆုံးအချိန်ဖြစ်ကြောင်း။

အစိုးရသစ်တာဝန်ယူမှု၏ သုံးနှစ်တာကာလအတွင်း အောင်မြင်မှုများကို မြင်တွေ့နိုင်ပြီး အဆိုပါအောင်မြင်မှုများသည်ပင် အနာဂတ်အတွက် အာမခံချက်ဖြစ်ကြောင်း၊ အိန္ဒိယသည် အိမ်နီးချင်းပီသသောနိုင်ငံအဖြစ် သမိုင်းတစ်လျှောက်ရပ်တည်ခဲ့ကာ နှစ်နိုင်ငံကြားတွင် ပြဿနာမရှိဘဲ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ရွေးချယ်မှုများအပေါ် အစဉ်လေးစားတန်ဖိုးထားကြောင်း၊ ကမ္ဘာ့နိုင်ငံများကို မြန်မာနိုင်ငံက တံခါးဖွင့်ကြိုဆိုခြင်းနှင့် ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံကို တံခါးဖွင့်ကြိုဆိုခြင်းများ အပေါ် အိန္ဒိယနိုင်ငံအနေဖြင့် ဝမ်းမြောက်ကြိုဆိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လာမည့်နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးများမှတစ်ဆင့် အာရှနှင့် အခြားကမ္ဘာ့နိုင်ငံများအကြား ချိန်ခွင်လျှာ ညီမျှသောဆက်ဆံရေး တည်ဆောက်ကာ အိမ်နီးချင်းနိုင်ငံများနှင့်သက်ဆိုင်သော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များ မှန်ကန်စွာချမှတ်နိုင်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက အခြားအခွင့်အလမ်းကောင်းများကိုပါ ဖိတ်ခေါ်သွားနိုင်မည်ဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားသည်။ ။

ရွှေဘိုဒေသမှ ရွှေ့ပြောင်းလုပ်သားများ ကချင်ပြည်နယ်သို့ စပါးရိတ်လုပ်သားအဖြစ် သွားရောက်လုပ်ကိုင်လျက်ရှိ

ရွှေဘို အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသမှ ရွှေ့ပြောင်းလုပ်သား(စပါးရိတ်)များသည် နေ့စဉ်လိုလို မီးရထားများဖြင့် ကချင်ပြည်နယ်ရှိ ဒေသအသီးသီးသို့ စပါးရိတ်သိမ်းရန် ထွက်ခွာသွားကြကြောင်း ဒေသခံများထံမှ သိရသည်။

ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာသားတစ်ဦးက "ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်၊ မိုးညှင်းစသည့် ခရိုင်များ၌ သီတင်းကျွတ်လနောက်ပိုင်းတွင် မိုးရွာသွန်းမှုများကြောင့် စပါးရိတ်သိမ်းမှုနောက်ကျလျှင် စပါးများ လေလွင့်ပျက်စီးမည်ကို ဒေသခံလယ်သမားများ စိုးရိမ်ပူပန်နေကြလျက်ရှိကြောင်း၊ ယင်းဒေသများတွင် လယ်ယာလုပ်သားရှားပါးမှုကြောင့်လည်းကောင်း၊ မိမိဒေသရှိ လယ်ယာလုပ်သားများလည်း အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုကြောင့်လည်းကောင်း၊ မိမိဒေသရှိ မိုးစပါးများမှာ ယခုမှ သန္ဓေတည်(မှိုကပ်) ခါစဖြစ်ပြီး နိုဝင်ဘာလကုန် ဒီဇင်ဘာလဆန်းမှ မိုးစပါးများ လှိုင်လှိုင်ရိတ်သိမ်းနိုင်မည် ဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ စပါးရိတ်ကျွမ်းကျင်မှုအပေါ်မူတည်၍ လုပ်သားတစ်ဦးလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ အထိ ရရှိမှုကြောင့်လည်းကောင်း၊ အိမ်ထောင်စုပေါင်း ငါးရာကျော်ရှိသည့် မိမိတို့ကျေးရွာ၌ နေ့စဉ်လိုလို လယ်ယာလုပ်သားများထွက်ခွာမှုသည် လူဦးရေနှစ်ရာခန့်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့တစ်ရွာတည်းမှမဟုတ်ဘဲ အခြားကျေးရွာ၊ မြို့နယ်များကလည်း မိမိတို့အဆက်အသွယ်ဖြင့် သွားရောက်လုပ်ကိုင်လျက်ရှိကြောင်း ပြောကြားသည်။

(ရောင်နီတင်ဝင်း)

ဝက်လက်၌ မီးထောင်ချောက်ထွန်းပြီး ဆစ်ပိုးအန္တရာယ်ကာကွယ်

ဝက်လက် အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာ၊ ရွာသာကြီးကျေးရွာ၊ ကျီးကန်ကျေးရွာ၊ လှတောကျေးရွာ၊ နိုင်နိုင်လေးကျေးရွာအုပ်စုများရှိ စပါးစိုက်ခင်းများတွင် အောက်တိုဘာ ၁၈ ရက် ညနေ ၆ နာရီက ဆစ်ပိုးအန္တရာယ်ကာကွယ်ရန်အတွက် မီးထောင်ချောက်များထွန်းညှိကြကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးစိုးအေးတို့နှင့်အတူ မြို့နယ်စိုက်/ကြပ်ကော်မတီက နည်းစနစ်များနှင့်အညီ ဦးဆောင်ခဲ့ကြရာ ည ၁၀ နာရီတွင်ပြီးစီးခဲ့ကြောင်း သိရသည်။

ကြည်ဇော်ဝင်း(ဝက်လက်)

ပြည်တွင်းရေးရာ

ဖတ်စရာမှတ်စရာ

အရိပ်အာဝါသ

ကျွန်တော်တာဝန်ထမ်းဆောင်လျက်ရှိသော ရုံးခန်းနှင့်ကပ်လျက်တွင် ရေတမာပင်ကြီးတစ်ပင် ရိပ်ကောင်းဆာယာနှင့်ရှိနေသည်။ ၁၂ ရာသီစိမ်းစိုနေတတ်သော ဤအပင်ကြီးကြောင့် ပူပြင်းသောနေဒဏ်မှ သက်သာခွင့်ရနေသည်။ မကြာလိုက်ပါ။ စည်ပင်မှ လမ်းနယ်နှင့်မလွတ်၍ အမြစ်ပါမကျွန် ခုတ်ယူသွားသည်။ ယခုတော့ ရုံးရှေ့မှာ ဟာလာဟင်းလင်း။ မြင်ကွင်းရှင်းသွားသည်။

ကျွန်တော်ကပြူတင်းကိုကျောပေး၍ နေရာယူထားရသူဖြစ်ရာ စူးရှသော နေရောင်ခြည်ဒဏ်ကို ပုံမှန်ခံနေရသည်။ "ကျောပူဒဏ်ခံနိုင်သည်၊ နားပူဒဏ်မခံနိုင်"ဟု ဆိုကြသည်။ ကျွန်တော်ကပြောင်းပြန်၊ ကျောပူဒဏ်ခံနိုင်ရည်မရှိဖြစ်လာသည်။ စားပွဲကိုရွှေ့တိုးနေရာယူဖို့ လုပ်ဖော်ကိုင်ဖက်တချို့က မကြည့်ရက်၍ လာပြောကြသည်။

တစ်နေ့ရုံးသို့ အသစ်ရောက်လာသောစာတည်းက ကျွန်တော့်ဖြစ်အင်ကို မြင်တွေ့သွားသည်။ ကောက်ကာင်ကာဖြင့် ချက်ချင်းအပူကာ "လိုက်ကာ" တပ်ဆင်ပေးသည်။ သူ့ရုံးခန်းအတွင်းမှ "လိုက်ကာ"တစ်စကို ဖြုတ်ယူ တပ်ဆင်ပေးခြင်း။ လတ်တလောမှာ ကျောပူသက်သာသွားသည်။ ကျွန်တော့်အတွက်ကား အရိပ်အာဝါသပေးသူတစ်ဦးတိုးလာခြင်း။

ဖြတ်သန်းခဲ့ရသော ဘဝတစ်လျှောက်မှာ တာဝန်အရမဟုတ်ဘဲ ယခုလို စေတနာသက်သက်နှင့် အရိပ်အာဝါသပေးခဲ့သူများ အများအပြားရှိခဲ့ဖူးပါသည်။ ကျွန်တော့်ဘဝ ပင်စင်ယူပြီးချိန် ဘဝ၏လက်ကျန်သက်တမ်းကို လျှောက်လှမ်းမည့် လမ်း စမ်းတဝါးဝါးမဖြစ်ခဲ့ပါ။ ပင်စင်မယူမီတစ်နှစ်လောက်ကတည်းက ကြိုတင်ပြင်ဆင်အဆင်သင့်ဖြစ်နေခဲ့သည်။ ဝန်ထမ်းဘဝမှာ နှစ်ပေါင်းလေးဆယ်ကျော်တာဝန်ကျခဲ့ပြီ။ တော်ပြီ နောက်ထပ် တာဝန်တစ်ရပ်အနေနှင့် ဝန်ဟူသမျှ ရှောင်တော့မည်။ မလွဲမရှောင်သာထမ်းရမည့် "ခန္ဓာဝန်"မှ အပ လွတ်လပ်ပေါ့ပါးစာပေရေးသားရင်း လက်ကျန်ခရီးကို လျှောက်တော့မည်။ ဆုံးဖြတ်ထားသည့် အတိုင်း လျှောက်ခဲ့သည်။

မျှော်လင့်မထားသော အရိပ်အာဝါသတစ်ခုက ကျွန်တော့်အားဆီးကြိုသည်။ ကျွန်တော်ဝါသနာနှင့် ဆက်နွယ်သောစာပေအရိပ်မို့ဝင်ရောက်ခိုလှုံခွင့်ရခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်တော်ဤရုံးသို့ရောက်ရှိလာခဲ့ပါသည်။ စာပေအေးရိပ်မို့ ငြိမ်းချမ်းသောအိုင်းအဝန်းဖြစ်နေသည်။ ရိုင်းပင်းကူညီစာပေအသိစိတ်ဓာတ် ပြည့်ဝသူများရှိနေသည်။ ကျွန်တော့်ဘဝ၏နှလုံးသားထဲမှာအရိပ်အာဝါသတစ်ခု ထပ်တိုးလာခဲ့ခြင်း။

ဌက်ကလေးများသဘာဝ အဝေးမှ ပျံသန်းလာပြီး သစ်ကိုင်းပေါ်မှာနားခိုချိန်၊ လာလမ်းသို့ပြန်ကြည့်တတ်ကြသည်။ ကျွန်တော့်ဘဝ၏ ဖြတ်သန်းရာခရီးကိုလည်း စာပေရိပ်မှာ ခွေးသိပ်နားခိုရင်း နောက်ကြောင်းကိုပြန်တွေးကြည့်မိသည်။ ဦးစွာ မိဘနှစ်ပါး၏အေးရိပ်ဆာယာ။ ဒုတိယ ကျောင်းပရဝဏ်များမှ သင်ဆရာများ။ မိဘနှစ်ပါး၏ မေတ္တာရိပ်၊ ဆရာများ၏ စေတနာ၊ ကရုဏာအရိပ်များကို ခိုလှုံရင်းငယ်ဘဝကို ဖြတ်သန်းလူးလားမြောက်ခဲ့သည်။ ထိုအချိန်က မိဘ၊ ဆရာသမားတို့၏ မေတ္တာ၊ စေတနာအေးရိပ်ကို ရိပ်ကောင်းဆာယာတစ်ခုဟု မသိခဲ့ရိုးအမှန်ပါ။ ချုပ်ချယ်မှုများနှင့် မလွတ်မလပ်ဟု ခံစားခဲ့ရသည်။ အိမ်တံစက်မြိတ်နှင့် ကျောင်းပရဝဏ်မှအပ အသွားအလာမရှိခဲ့ရသလောက်ပါ။ မိဘဆရာတို့၏ ဟန်ချက်ညီ ထိန်းကျောင်းမှုအောက်မှာ ကျွန်တော် ဆယ်တန်းအောင်လူးလားမြောက်ခဲ့သည်။ ဘဝပေးအခြေအနေအရ ပညာရေးလည်း ပြီးဆုံးခဲ့ရသည်။

ဆယ်တန်းအောင်ပြီး ဌာနတစ်ခု၏အရိပ်မှာ ခိုလှုံခွင့်ရခဲ့သည်။ ပညာရေးဌာနမှာ မူလတန်းပြဆရာအဖြစ်နှင့် စတင်ဝင်ရောက်ခဲ့သည်။ တောကြိုတောင်ကြားအနှံ့မှာ တောကျောင်းဆရာဘဝနှင့် နှစ်ပေါင်း ၄၀ ကျော် ပင်ပင်ပန်းပန်းဖြတ်သန်းခဲ့ရသည်။ စိတ်ပန်းလူပန်း ခရီးကြမ်းမှာ လျှောက်လှမ်းလာခဲ့ရပြီးမှ မိဘမေတ္တာ၊ ဆရာများ၏ စေတနာအနှီင်းမဲ့ကို နက်နက်ရှိုင်းရှိုင်းခံစားသိလာခဲ့ရပါသည်။ မိဘအိမ်နှင့် စာသင်ကျောင်းမှသည် ဘဝအိမ်၊ ဘဝကျောင်းကို ခြေချ၊ လွတ်ပြီကျွတ်ပြီဟုပင် ထင်မှတ်မှားခဲ့သည်။ မိဘ၊ ဆရာသမားတို့၏ သွင်သင်ဆုံးမ လမ်းမှန်ညွှန်ပြကြပ်မတ်ပေးမှုကို မလွတ်မလပ် ချုပ်ချယ်လွန်းသည်ဟု ထင်မှတ်မှားခဲ့သမျှ ဘဝကျောင်းမှာ မေတ္တာခေါင်းပါး ပညာပြန့်မ်ကြသူများ ကြားသို့ ရောက်လာမှ နှိုင်းယှဉ်သိလာခဲ့ရသည်။ လူမိုက်နောက်မှ နောင်တရခဲ့သည်။ ရေမစုပ် ကြာမလှုပ် ဘဝနှင့် ငြိမ်းချမ်းမှုအတိ၊ မိဘအရိပ်၊ ဆရာ့အာဝါသများကို ဘဝခရီးကြမ်းမှာ လွမ်းတသသနှင့် အစဉ်ဦးခိုက်မပြတ်ရှိနေခဲ့ရပါသည်။

ဘဝခရီးလမ်း မောပန်းနွမ်းနယ်ရှိလာခဲ့ချိန်မှာ ငြိမ်းချမ်းအမောပြေစေမည့် ခိုနားရာကို ရှာလာခဲ့သည်။ ဤသို့ဖြင့် ငယ်စဉ်ကာလအမှတ်တမဲ့နှင့် ရှိနေခဲ့သော "သာလိကာ"လေးလို အနှစ်အသားမသိ ရွတ်ဖတ်လာခဲ့သော "မင်္ဂလသုတ်"ကို အမှတ်ရလာသည်။ မူလတန်းမှာ ဆရာများကျေးဇူးကြောင့် အနက်အဓိပ္ပာယ်နှင့်တကွ ဒဂုန်ဦးထွန်းမြင့်၏ လက်ာလေးပါ တွဲပြီး သင်ခဲ့ရသော ၃၈ ဖြာမင်္ဂလာတရား၏ အဆီအသားကို အသက်အရွယ်ရလာမှ လေးလေးနက်နက်သိလာခဲ့ရသည်။ ဤတစ်ကြိမ်လည်း မေ့မေ့လျော့လျော့ နေလာခဲ့သူ ကျွန်တော် လူမိုက်ဖြစ်သွားရသည်။

၃၈ ဖြာမင်္ဂလာတရားသည် ဗုဒ္ဓညွှန်ပြအရွယ်သုံးပါးကျင့်စဉ်များ ပစ္စုပ္ပန်သံသရာနှစ်ဖြာ အကျိုးပေးလောကီ၊ လောကုတ္တရာကျင့်စဉ်တရား။ မျက်မှောက်ဘဝမှာပင် နိဗ္ဗာန်ချမ်းသာကို ရရှိခံစားနိုင်စွမ်းသည့် အနှစ်တရား။ "ဘုရား၊ တရား၊ သံဃာ"ရတနာသုံးပါး၏ ငြိမ်းချမ်းမှုအတိနှင့် ရိပ်ကောင်းဆာယာကို ၃၈ ဖြာမင်္ဂလာတရားတော်မှ အစပြုတွေ့လာခဲ့ရပါသည်။ ဆက်ပြီး လေ့လာကြားနာမှတ်သားရင်း ဘဝအမောဟူသမျှကို ဖြေလျှော့ပေးနိုင်သည့် ရတနာသုံးပါးအရိပ်အောက်သို့ တိုးဝင်၍ ဘဝငြိမ်းချမ်းခဲ့ပါသည်။

ဤသို့ ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့်ဆရာ အနန္တောအနန္တငါးပါး၏ ငြိမ်းချမ်းမှုအတိနှင့် အေးရိပ်ဆာယာများအပြင် ဘဝခရီးကြမ်းမှာ အရိပ်အာဝါသများစွာနှင့်လည်း ကြုံရဆုံရပီတိဖြစ်ခဲ့ရပါသည်။ ဥပမာ ဆွေမျိုးဥာတိများ၏ အရိပ်၊ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်တုန်းက အာယာတအမိုက်တရားနှင့် လက်စားချေမှုပြုလိုသည့် ဝိဋ္ဌဠုပမင်းသားကို သစ်နှစ်ပင်နှင့်ယှဉ် ဥပမာပေးဆုံးမခဲ့ဖူးပါသည်။ သာကီဝင်များကို မျိုးပြုန်းအောင်သုတ်သင်မည့် အမုန်းစိတ်နှင့် စစ်အင်္ဂါအပြည့် စစ်ချီတက်လာသော ဝိဋ္ဌဠုပကို ရှင်တော်ဗုဒ္ဓက လမ်းခရီးသစ်ပင် အောက်မှ စောင့်ကြိုသည်။ မင်းသားသည် ဗုဒ္ဓကိုမြင်တွေ့သည်နှင့်ဦးချရင်း အရှင်ဘုရားခိုလှုံသည့်သစ်ပင်က ကြိုးတိုးကြွတဲနှင့် နေပြောက်ထိုးနေပါသည်"။ ကောသလတိုင်းဘက်မှာရှိသော ရိပ်ကောင်းသာယာနှင့် သစ်တစ်ပင်ကို ညွှန်ပြရင်း "ရွှေပြောင်းသီတင်းသုံးပါ"ဟု လျှောက်ထားသည်။ "မင်းသား ဆွေမျိုးဥာတိအရိပ်ကပို၍ အေးမြတယ်။" ဗုဒ္ဓ၏ အဖြေကားကို မင်းသားချက်ချင်းသဘောပေါက်သည်။ ဆက်မတိုးဘဲပြန်လှည့်သွားသည်။ လောကတွင် ဆွေမျိုးသားချင်းညီအစ်ကို မောင်နှမများ၏ အရိပ်သည်လည်း အေးချမ်းမှုအပြည့်ရှိပါသည်။ မြန်မာမှုနယ်ပယ်မှာ "အစ်ကိုကြီးကို အဖအရာ၊ အစ်မကြီးကို အမိအရာ"မှာ ထား လေးစားသမှုပြုကြသည်။ အစ်ကို၊ အစ်မများကလည်း မိဘနှင့် မခြား ညီငယ်၊ ညီမငယ်များကို ပြုစုစောင့်ရှောက်ဝတ္တရားမပျက်ကြပါ။ ညီအစ်ကိုမောင်နှမ ဆွေမျိုးဥာတကာများ၏ ရိပ်ကောင်းဆာယာများ။

ဘဝခရီးလမ်းသည် ပန်းခင်းလမ်းသက်သက်မဟုတ်ပါ။ ရေစီးတစ်ခါ ရေသာတစ်လှည့်၊ လင်းတစ်ခါ မှောင်တစ်လှည့်နှင့်ဝက်ပါကဲ့သို့လည်း အကွေ့အကောက်များတတ်သည်။ မိဘဆရာများ၏ သွန်သင်ဆုံးမမှုများနှင့် ရင်ဆိုင်ကျော်လွှားခရီးဆက်ကြရသည်။ ရတနာသုံးပါး၏အရိပ်ကိုခိုရင်း ငြိမ်းချမ်းမှုကို ရှာလျှောက်ကြရသည်။ ခရီးကြမ်းမှာ လျှောက်လှမ်းရင်း တစ်ရံတစ်ခါ သူစိမ်းတစ်ရံမှလည်း နားခိုစရာပေး ဖေးမကူညီမှုများနှင့် မျှော်လင့်မထားကြုံရတတ်သည်။ ဤသို့ဖြင့် လတ်တလောမှာ အမှတ်တမဲ့မှ အမှတ်တရဖြစ်သွားရသည်။ နှလုံးသားထိတိုင်း စွဲမြဲကျေးဇူးတရားမှတ်တမ်းဝင်သွားရသည်။

မြန်မာမှုနယ်ပင်မှာ "တစ်လုပ်စားဖူး၊ သူ့ကျေးဇူး"ဟု ထူးခြားသော အဆိုအမိန့်စကားရှိသည်။ ရာဇဝင်မှာ စစ်ကိုင်းမင်းနှင့် ငခင်ညိုတို့ဖြစ်စဉ်မှာအထင်အရှားတွေ့ရသည်။ မြန်မာ့လွတ်လပ်ရေးမီးရှူးတန်ဆောင် ဆရာတော်ဦးဥတ္တမကိုလည်း ဒကာတစ်ယောက်က မေးလျှောက်ဖူးသည်။ "အရှင်ဘုရား နိုင်ငံတကာ အနှံ့ကြွရောက်ဖူးသည်။ ဘယ်နိုင်ငံက 'ဆွမ်း'အကောင်းဆုံးပါလဲဘုရား၊ အနှောင့်အသွားမလွတ်သော အမေးစကားကို ဆရာတော်က "ဆာလောင်မွတ်သိပ်ချိန် ဘုဉ်းပေးလိုက်ရသည့် ဆွမ်းကအကောင်းဆုံး"ဟု မိန့်ခဲ့ဖူးပါသည်။ လိုအပ်ချိန်မှာပေးကမ်းလာသောအကူအညီဟူသမျှ ဆွမ်းတစ်ဆုပ် ထမင်းတစ်လုတ်ဖြစ်ပါစေ၊ ဘဝတစ်သက်တာမမေ့နိုင်စရာအမှတ်တရဖြစ်သွားရသည်။

"လောင်းရိပ်မှအပ" အရိပ်အာဝါသဟူသမျှ ခဏတာ၊ တစ်သက်တာ မခွဲခြားဘဲ ခိုလှုံခွင့်ရသူ၏ နှလုံးသားမှာ အစဉ်ထာဝရ အလေးအမြတ်ထားသိမ်းဆည်းသွားကြရမည်။ လောက၏အလှရတနာများဖြစ်ပါသည်။ ကျေးဇူးသိတတ်မှ တုံ့ပြန်ဂါရဝတရားများသည် လူသားဝီသမှု၏လက္ခဏာကောင်းတစ်ရပ်ဟု ဆိုပါလျှင် လွန်အံ့မထင်ပါ။

အောင်ကျော်ညို (ဆင်ချဆိပ်)

နေပြည်တော်ကောင်စီနယ်မြေ
နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးကျေးလက်မီးလင်းရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် - ၂၉-၁၀-၂၀၁၄ ရက် ၁၀း၀၀နာရီ
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန် - ၅-၁၁-၂၀၁၄ ရက် ၁၄း၀၀နာရီ
၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၁၉-၁၁-၂၀၁၄ ရက် ၁၄း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၂၉-၁၀-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး
တင်ဒါစီစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ ဖုန်း-၀၆၇-၄၂၀၆၆၆

Pleasant Times
Travels & Tours Co.,Ltd
Release Your stress with Pleasant Times

တောင်ကြီး-အင်းလေး-ကလော-ပင်းတယ	(Dec:24)
ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ-ပခုက္ကူ	(Nov:5,Dec:24)
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း	(Nov:5,Dec:24)
ထားဝယ်-ရှင်ကိုးရှင် (Flight)	(Dec:25)
ပြည်-အကောက်တောင်(နေ့ချင်းပြန်)	(Nov:1,5,15)
သထုံ-မဲလံတောင်-ဇင်းကျိုက်(နေ့ချင်းပြန်)	(Nov:1,5,15)

အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၁၅ ခုနှစ်အတွက် မှတ်စုစာအုပ်နှင့် လက်ကိုင်မှတ်စုစာအုပ် ရိုက်နှိပ်ထုတ်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၃၀-၁၀-၂၀၁၄ရက်ဖြစ်ပါသည်။
၃။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ - ၂၁-၁၁-၂၀၁၄ရက်၊ မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။
၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ(၃)၊ ရုံးအမှတ်(၁၅)တွင် အမျိုးအစား(၁)၃၊ ကျပ်(၃၀၀၀/-)ဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မှတ်စုစာအုပ်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ်(၁၅)၊ ဖုန်း-၀၆၇-၄၁၀၀၉၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
အမှတ်(၃၈၄)၊ မဟာပန္ဓာလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့
သတင်းကြေညာချက်
၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် (၃၁၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် အကွာရာလုံးရေ(၄၀)(ကမ္ဘကဆ)အထိ ရိုက်နှိပ်ထုတ်ဝေရောင်းချခဲ့ပါသည်။
၂။ အောင်ဘာလေသိန်းဆုဌာနခွဲမှ နယ်အရောင်းစနစ်၊ ဗဟိုအရောင်းစနစ်ဖြင့် ရောင်းချခဲ့ပြီး ကျန်ရှိသော(ကဂ)မှထိအုပ်ရေ(၉စ၁၃)နှင့် (ကဃ မှ ကဆ)အထိ ထီအုပ်ရေ(၃၂၇၂၂)စုစုပေါင်း ထီအုပ်ရေ (၃၃၇၀စ၅)အား ရန်ကုန်အောင်ဘာလေ သိန်းဆုဌာနခွဲတွင် ၃-၁၁-၂၀၁၄ရက်မှ ၂၁-၁၁-၂၀၁၄ရက်နေ့အထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။
၃။ ထိုသို့ရောင်းချရာတွင် နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူတစ်ဦးလျှင် အနည်းဆုံး ထီစာအုပ်(၁)အုပ်မှ အများဆုံးအုပ်ရေ(၁၀၀)အထိ ထီစာအုပ်(၁)အုပ်လျှင် ကျပ်(၂၀၀၀/-)နှုန်း ငွေသားဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

HIGHWAY STAR Travels & Tours Co.Ltd
"အဝေးသွားမယ်၊ အမြင်သစ် တွေ့ရဖို့ Highway Star နှင့် ခရီးသွားစို့"
+ ပုဂံ၊ညောင်ဦး၊ ပုပ္ပါး၊ပခုက္ကူ 160000/- Nov (5)
+ ပြင်ဦးလွင်၊မန္တလေး၊စစ်ကိုင်း၊မင်းကွန်း Dec (5,24,30)
(၇)ဦးသာ လိုတော့သည်။
၄၁၁/၅ရက်ခရီးကို ဇိမ်ရှိရှိ SCANIA VIP(2+1)ဖြင့်သာသွားမည်။
+ ကျိုက်ထီးရိုး နေ့ချင်းပြန် (တောင်အက်ကားစင်းလုံးဖွဲ့)
+ အဇကာကိုတောင် ၊ ပြည် ; သဇေဒဏ္ဍာရာ
+ သံတောင်ကြီး (အပန်းခေါ်စခန်း) ; ဓာတောင်
+ ကျိုက်ထီးဇလေး ; မဲလံ ; ဓကုလက်ပိရေတမ္ဘာ ; ဓင်းကျိုက်ရေထုံနွန်
(ခရီးသွား အာမစ်ပါဝင်)
Oct (31) Nov (5,14,16)
ကား အမျိုးအစား Scania, Yutong, Kinglong, Man
(၁၀)ဦးပယ်
(၁)ဦးလက်ဆောင်
အမှတ်(၉၉) မဟာဗန္ဓုလ(ခြေ(၆) လမ်း၊ လှိုင်ခြေ, နယ်။
facebook https//www.facebook.com/highwaystar
09-253235411, 09-253235422, 09-253241300, 09-250277537

မြေကွက်များ၀ယ်လိုသည်
ရန်ကုန်မြို့၊ဒဂုံမြို့၊သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
၀ယ်လိုသည်။
-၀၉-၄၄၈၀၂၅၃၇၄
၀၉-၄၂၀၁၀၇၀၂
၀၉-၇၄၂၄၄၆၅၆

JADE MOTION
Travels&Tours
နေပြည်တော်ဗဟုဓဏယာ
ခရီးထွက်ဘုရားဖူးအာလည်ဝတ်စီးနိုင်
5.11.2014 20.12.2014 30,000k (ညအတွက်ပည့်)
ဈေး၊တစ်ဆင့်ကား၊ဘုယျနှင်ဝင်စရိတ်၊ ငြိမ်း
0973123443,254907896,5179754

ဗမာလာဂျီ Oct 17, 24, 31 Nov 7, 5
ကျိုက်ထီးရိုး (ခရီးစဉ်) ၅-ဦးဝယ် ၁-ဦး Dis
၁-ဦးဝယ် 10% Dis
Fully Air-con Express (သီးသန့်ရောက်လက်မှတ်ပို့)
တောင်ကြီး၊ အင်းလေး၊ ထပ်မံစီး 45000 ၊ ကျိုက်ထီးရိုး(ခွယ်တော်လေးဆူ)၊ ပခုက္ကူ 35000 / ငြိမ်း
09-420051117,01-387973

ပြည်တွင်းရေးရာ

ရော်ဘာအရည်အသွေးမြင့်မားရေး စိုက်ပျိုး၊ ထိန်းသိမ်း၊ အစေးလှီးနည်းများ လက်တွေ့သရုပ်ပြသ

သထုံ အောက်တိုဘာ ၂၈

မွန်ပြည်နယ် သထုံမြို့နယ် ဝင်းပကျေးရွာအတွင်းရှိ ရော်ဘာစိုက်တောင်သူများထုတ်လုပ်သော ရော်ဘာများ အရည်အသွေးမြင့်မားပြီး စေးကွက်ဝင်ကာ ရော်ဘာကဏ္ဍဖွံ့ဖြိုးလာစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပြီး စိုက်ပျိုး၊ ထိန်းသိမ်း၊ အစေးလှီးနည်းစနစ်များကို မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရော်ဘာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတို့က အောက်တိုဘာ ၂၆ ရက် နံနက် ၁၁ နာရီက ဝင်းပကျေးရွာတွင် လက်တွေ့သရုပ်ပြသ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးကျော်စွာလှိုင်က မျိုးကောင်းမျိုးသန့်နှင့် အရည်အသွေးမြင့်ရော်ဘာများ ထုတ်လုပ်နိုင်ရေးတို့ကိုလည်းကောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးထင်လင်းစိုးက ရော်ဘာစျေးကွက်အခြေအနေနှင့် စေးကွက်ဝင်ရော်ဘာများ ထုတ်လုပ်နိုင်မှုတို့ကိုလည်းကောင်း၊ တောင်သူများနှင့်ဆွေးနွေးပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေး

ဦးစီးဌာနမှ တာဝန်ရှိသူတို့က မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပုံနှင့် ထိန်းသိမ်းခြင်းနည်းစနစ်များ၊ စနစ်ကျသော အစေးလှီးနည်းစနစ်များကို လက်တွေ့သရုပ်ပြသကြပြီး ရော်ဘာစိုက်ပျိုးခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဝေငှပေးရာ တောင်သူများက သိရှိလိုသည်တို့ကို စိတ်ပါဝင်စားစွာ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

မြန်မာယူ-၁၉ အသင်း ကျောနံပါတ် ၃ ထိုက်ထိုက်အောင်အား ကြံခင်းပြည်သူများ ကြိုဆိုဂုဏ်ပြု

ကြံခင်း အောက်တိုဘာ ၂၈

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ နေထိုင်သော မြန်မာ့ဂုဏ်ဆောင်ဘောလုံးအားကစားသမား မြန်မာယူ-၁၉ အသင်း ကျောနံပါတ် ၃ ထိုက်ထိုက်အောင်အား ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အောက်တိုဘာ ၂၇ရက် ညနေ ၄နာရီက ကြံခင်းမြို့အဝင်၌ ပန်းစည်းများကမ်းလှမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ကြိုဆိုဂုဏ်ပြပွဲတွင်ကြံခင်းမြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အား/ကာ ဒုဦးစီးမှူး၊ အားကစားဝါသနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက မြန်မာ့ဂုဏ်ဆောင်ဘောလုံးသမား ထိုက်ထိုက်အောင်ကို နွေးထွေးစွာဂုဏ်ပြုကြိုဆိုကြသည်။

မသူ(မြန်/ဆက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ဇလွန် အောက်တိုဘာ ၂၈

ဇလွန်မြို့နယ် မေရီလန်းကျေးရွာ၌ အောက်တိုဘာ ၂၆ ရက် နံနက် ၁၁ နာရီတွင် ဟင်္သာတခရိုင် မိခင်၊ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်၊ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစိုးနှင့် အဖွဲ့ဝင်များက အမျိုးသမီးငယ်ရွယ်များအကြောင်း ဟောပြောခြင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း ဟောပြောခြင်း၊ မြို့နယ်တရားသူကြီး ဒေါ်လှိုင်လှိုင်ဝေက အကြမ်းဖက်မှုတားဆီးကာကွယ်ရေးအကြောင်း ဟောပြောခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းသန်းက ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် စာပေစကားဝိုင်းများဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ လင်းရောင်ခြည်စက်ကြည့်တိုက်အတွက် စာအုပ်စာစောင် ၁၀၀ ပေးအပ်လျှက်ဒါန်းခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အိုဗာတင်းနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ဘိုးဘွားများအား အိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငွေသန်း(မြန်/ဆက်)

တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PETRO VIETNAM EXPLORATION PRODUCTION OVERSEAS Co., LTD. သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Side Scan Sonar Survey တိုင်းတာရေး လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MVSEA PRINCESS ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိဆောင်ရွက်သွားမည်ဖြစ်သည်။

Side Scan Sonar Survey တိုင်းတာရေး လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၆ မိနစ် ၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၄ မိနစ် ၅၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၇ မိနစ် ၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၆ မိနစ် ၃၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၆ မိနစ် ၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ် ၁၈ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၄ မိနစ် ၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၆ မိနစ် ၃၈ စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။

(ကြေးမုံ)

ဒိုက်ဦးမြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကျင်းပမည်

ဒိုက်ဦး အောက်တိုဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်သည်လည်း နာမည်ကျော်ကြားလှသည်။ ထိုပွဲတော်ကြီးကို ဒိုက်ဦးမြို့တည်ကာလအစဉ် ဒိုက်ဦးမြို့မှ အဘိုး အဘွားများက မည်သို့သော အခက်အခဲများရှိလင့်ကစား အစဉ်အလာမပျက် လက်ဆင့်ကမ်းပြီး လှည့်လည်ပူဇော်လာသည်မှာ ယခုနှစ် (၉၂)ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

ယခု ၁၃၇၆ ခုနှစ် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်အပူဇော်ခံပွဲတော်ကြီးကို တန်ဆောင်မုန်းလဆန်း ၉ ရက်မှ လပြည့်ကျော် ၁ ရက်အထိ (အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ) ခြိမ့်ခြိမ့်သဲ ကျင်းပရန် ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ စီစဉ်လျက်ရှိနေကြပြီဖြစ်သည်။ ပွဲတော်၏အထွတ်အထိပ်ဖြစ်သည့် နိုဝင်ဘာ ၇ ရက် ညနေ ၃ နာရီမှ ည ၉ နာရီခွဲအထိ မြို့တွင်းနှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်အပူဇော်ခံရာတွင်လည်း ဘုရားပင့်ဆောင်လှည့်လည်ပူဇော်ကန်တော့ခံယာဉ်၊ လှေ့ဆော်ပြန်ကြားရေးယာဉ်၊ စည်တော်ယာဉ် စုစုပေါင်း မော်တော်ယာဉ် ၆၁ စီးဖြင့် လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။

ထို့အပြင် ပွဲတော်ရက်များအတွင်း မြန်မာ့ရိုးရာခြင်းအလှခတ်နှင့် နာမည်ကြီးအငြိမ့်၊ ကာရာအိုကေ၊ ကြည့်ချင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် နိုဝင်ဘာ ၉ ရက် ည ၇ နာရီမှစတင်ကာ ၁၁ ရက်တိုင်တိုင် ညစဉ် ဓမ္မကထိကဆရာတော် ၁၁ ပါးက အလှည့်ကျတရားချီးမြှင့်မည်ဖြစ်ကာ ပွဲတော်လာရဟန်းရှင်လူတို့ တစ်ဦးချင်းအနေဖြင့် တရားဘာဝနာပွားများနိုင်ကြရန် နေရာထိုင်ခင်းများကို စီစဉ်ထားရှိသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲနှင့် တရားပွဲများ ကျင်းပပြီးနောက် မဟာဒုက်ဘုရားကံထူးရှင်ရွှေချယ်ပွဲ၊ မဟာဒုက်ဆွမ်းဆက်ကပ်လှူဒါန်းပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

သိန်းညွှန့်(ပိန်းဇလုပ်)

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု ကွင်းအမှတ်(၃၅၃) တောင်သူဦးဘဝင်း၏ လယ်မြေ၌ တစ်ဧကလျှင် ၁၂၅ တင်း နှုန်းထွက်ရှိသည့် မိုးစပါးဆင်းဧကရီ(၃) စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၃ ရက်ကကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မြင့်၊ ခရိုင်မြေစာရင်းမှူးဦးငွေဝိုးလွင်၊ ခရိုင်စီမံကိန်းဦးစီးမှူး ဦးဌေးဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထင်အောင်ဇော်တို့ကြီးကြပ်ဆောင်ရွက်စဉ်။ ကေဆိုင်းနော်(ဖားကန့်)

ကြက်ခြေနီတပ်ဖွဲ့ဝင်ဟောင်း အသက်ရာကျော် ဘိုးသက်ရှည်နှင့် ဘွားသက်ရှည်တို့ ကျန်းမာလျက်ရှိ

မကွေး အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး မကွေးမြို့ သိဂ်ါဂိရိရပ် မြသီတာလမ်းတွင် ရှားရှားပါးပါး အသက်(၁၀၀)နှင့် အသက်(၁၀၂)နှစ်အရွယ်ရှိ ဘိုးသက်ရှည်နှင့် ဘွားသက်ရှည်တို့ အကြင်လင်မယားစုံတွဲမှာ ကျန်းမာလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘိုးသက်ရှည်နှင့် ဘွားသက်ရှည်တို့မှာ ဦးသန်းကြည် [ပညာရေး(ဒြိမ်း)] ကင်းထောက်အဖွဲ့ဝင်ဟောင်း (ကြက်ခြေနီဂုဏ်ထူးဆောင်ဆုတံဆိပ်ရရှိသူ) အသက်(၁၀၀)နှင့် ဒေါ်သန်းသန်း(ကြက်ခြေနီတပ်ဖွဲ့ဝင်ဟောင်း) အသက်(၁၀၂)တို့ဖြစ်ကြောင်း၊ ယခုအခါ အိမ်ထောင်သက် ၇၅ နှစ်ရှိပြီဖြစ်ပြီး သားသမီး ခြောက်ဦးနှင့် မြေး ၁၃ ဦး၊ မြစ် ၁၂ ဦးရှိကြောင်း သိရသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတစွာ စားသုံးနေထိုင်သဖြင့် အဘိုး မှာ (၉၆) နှစ်အရွယ်ထိပင် စက်ဘီးစီး၍ မိမိ၏ပင်စင်လစာငွေကို ကိုယ်တိုင် သွားရောက်ထုတ်နိုင်ခဲ့ပြီး ယခုအချိန်ထိ မျက်မှန်မတပ်ဆင်ဘဲ စာရေး၊ စာဖတ်ပြုလုပ်နိုင်ကြောင်း၊ နားမှာမူ အနည်းငယ်လေး၍ တစ်နေ့သွား သုံးကြိမ်တိုက်သောကြောင့် သွားများ ယခုအချိန်အထိ အစုံအလင်ရှိကြောင်းလည်း သိရသည်။ အဘွားမှာမူ မှတ်ဉာဏ်အလွန်ကောင်းပြီး ရေနံချောင်း၊ ချောက်၊ မကွေးသမိုင်းများနှင့် ဘုရားသမိုင်းများအား ခုနှစ်သက္ကရာဇ်များ တိကျစွာပြောပြနိုင်ကာ ရှေ့သွားအပေါ် သုံးချောင်းနှင့် ရှေ့သွားအောက်နှစ်ချောင်း ကျိုးနေပြီး ကျန်းမာရေးအား ငယ်စဉ်ကပင် လိုက်စားကြကြောင်း အစားအသောက်ကို တစ်ပတ်လျှင် အသားနှစ်ကြိမ် သာစားသောက်၍ ဟင်းသီးဟင်းရွက်ကိုသာ အများဆုံးစားကြောင်း၊ ရေကို ကျိုချက်၍သောက်သုံးပြီး ရေချိုးချိန်၊ အိပ်ချိန်တို့အား အတိအကျလိုက်နာကြောင်း၊ ငယ်စဉ်ကပင် ယခုအထိ အရက်သေစာ၊ ဆေးလိပ်၊ ကွမ်းယာ လုံးဝကင်းရှင်းပြီး ရေနံချောင်းမြို့၏ ကင်းထောက်အဖွဲ့ဝင်များဖြစ်ကြ၍ မကွေးမြို့၏ ဦးဆုံးပထမ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြစ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဂုဏ်ထူးဆောင်ဆုတံဆိပ်အား အဘိုးမှ ရရှိခဲ့သည်ဟု လေ့လာသိရှိခဲ့သည်။

ဦးသန်းကြည်က " ငါက ၁၉၄၂ မတိုင်မီကတည်းက ကြက်ခြေနီကွ။ နောက်ပြီး ကင်းထောက်အဖွဲ့ဝင် ငါက ကြက်ခြေနီဆိုတဲ့စိတ်ဓာတ်ကို ဘယ်တော့မှ မဖျောက်ဖျက်ဘူး။ မကွေးမြို့ ကြက်ခြေနီစထောင်ကတည်းကပါဝင်ခဲ့တာ၊ အခုလို အသက်ရှည်ရှည်နေနိုင်တာကလည်း တစ်ချိန်တုန်းက ပရဟိတလုပ်ငန်းတွေကို အဆက်မပြတ်လုပ်ကိုင်ခဲ့တဲ့ အကျိုးကျေးဇူးကြောင့်ပဲ" ဟုလည်းကောင်း၊ အဘွား ဒေါ်သန်းသန်းက "အသက်ရှည်ရှည်နေချင်ရင် ကံ၊ စိတ်၊ ဥတု၊ အာဟာရညီမျှအောင်နေ၊ တရားနဲ့ပျော်မွေ့၊ လူသားအချင်းချင်း ကူညီပေး၊ ပရဟိတစိတ်ဓာတ်မွေး၊ ရတာလေးနဲ့လောက်အောင်သုံး၊ ရှိတာလေးနဲ့ လှအောင်ဝတ်၊ လောဘ၊ ဒေါသ၊ မောဟကိုဘေးဖယ်ထား ဒါဆိုရင် အသက်ရှည်ဆေးတစ်ခွက်ပါပဲ" ဟုပြောပြသည်။

ကောင်းသုတ(မင်းဘူး)

အားကစား

စပိန်လာလီဂါပွဲစဉ် (၉) မှာတော့ ဘာစီလိုနာဟာ ရီးယဲလ်ကို ရှုံးခဲ့ရတယ်။ ဒါကြောင့် လာမယ့်နိုဝင်ဘာ ၁၊ ၂၊ ၃၊ ၄ ရက်တွေမှာ ကျင်းပမယ့် စပိန်လာလီဂါပွဲစဉ်(၁၀)မှာ ဘာစီလိုနာအနေနဲ့ နိုင်ပွဲ ပြန်လည်ရှာဖွေနိုင်မလားဆိုတာ သတိပြုရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ဥရောပပွဲတွေရှိတာကို သတိပြုအားပေးရဖို့ရှိတယ်။

စပိန်လာလီဂါရင်ခုန်သံ-၁၀

ဘီဘာအို-ဆီဗီးလ် ညနေ ၅း၃၀ (၂-၁၁-၁၄)

ဘီဘာအိုက နောက်ဆုံးနှစ်ပွဲဆက်မရှုံးဘူး။ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ကစားနိုင်တယ်။ ဒါ့အပြင် ဘီဘာအိုဟာ အိမ်ကွင်းမှာ ရှုံးပွဲတစ်ပွဲသာရှိသေးတဲ့အပြင် ခံစစ်ကလည်း အိမ်ကွင်းလေးပွဲမှာ နှစ်ဂိုးသာပေးထားရတယ်။ ဒါပေမယ့် ဆီဗီးလ်ရဲ့ခြေကလည်း အကောင်းဆုံးပုံစံမှာရှိနေသလို တိုက်စစ်ကစားပုံလည်း ကောင်းမွန်နေတာနဲ့ ချင့်ချိန်ရမယ်။

ဗီလာရီးယဲလ် - ဗလန်စီယာ ည ၁၀း၃၀ (၂-၁၁-၁၄)

ဒီပွဲမှာ သတိပြုစရာရှိတာက ဗီလာရီးယဲလ်ဟာ အဝေးကွင်းခံစစ်ပိုင်းထက် အိမ်ကွင်းမှာဂိုးတွေပိုပေးနေရတာကိုသတိပြုရမယ်။ ဗလန်စီယာက အဝေးကွင်းနောက်ဆုံးပွဲမှာ ဒီပို့တီဗိုကိုရှုံးခဲ့ပေမယ့် နောက်ဆုံးပွဲမှာနိုင်ပွဲရအောင် ကစားနိုင်ခဲ့တယ်။ သတိပြုရမှာက ဗီလာရီးယဲလ်က ဥရောပပွဲရှိပေမယ့် ဗလန်စီယာက ဥရောပပွဲမရှိခြင်းဘဲ။ အဲဒါနဲ့ပါ ထပ်ဆင့်ချင့်ချိန်ရမယ်။

လီဗန်တေး - အယ်မာရီးယား နံနက် ၀း၃၀ (၃-၁၁-၁၄)

လီဗန်တေးက အခုအချိန်အထိ အမှတ်ပေးဇယားအောက်ဆုံးက မတက်နိုင်သေးဘူး။ ကစားပြီးသမျှ ကိုးပွဲမှာ တစ်ပွဲသာနိုင်တယ်။ အယ်မာရီးယားက နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်တယ်။ ဒါပေမယ့် သတိပြုစရာရှိတာက အယ်မာရီးယားဟာ အဝေးကွင်းမှာ နိုင်ပွဲပိုရတာတိုပြီး လီဗန်တေးကလည်း အိမ်ကွင်းအားရှိနေတယ်။ အားမျှခြေညီနေတာကို မေ့လို့မဖြစ်ဘူး။

အဲလ်ချီ - အက်စ်ပန်ညို နံနက် ၂း၃၀ (၃-၁၁-၁၄)

အဲလ်ချီဟာ ကိုးပွဲအပြီးမှာ တစ်ပွဲတည်းနိုင်တယ်။ အထူးသဖြင့် အိမ်ကွင်းမှာ နိုင်ပွဲလုံးဝမရှိဘဲ တိုက်စစ်ကလည်း အိမ်ကွင်းလေးပွဲမှာ တစ်ဂိုးသာသွင်းထားနိုင်တယ်။ အက်စ်ပန်ညိုကလည်း အဝေးကွင်းလေးပွဲမှာ နိုင်ပွဲလုံးဝမရသေးဘဲ တိုက်စစ်ကလည်း အဆိုပါလေးပွဲမှာ နှစ်ဂိုးသာသွင်းထားနိုင်တာနဲ့ သတိပြုရမယ်။

ဗယ်လီကာနို - အီဘား နံနက် ၂း၁၅ (၄-၁၁-၁၄)

အီဘားက တန်းတက်အသင်းဆိုပေမယ့် အမှတ်ရအောင်ကစားနိုင်တာကို သတိပြုရမယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နိုင်ပွဲမရှိသေးဘူးဆိုပေမယ့် အဆိုပါငါးပွဲမှာ တစ်ပွဲသာရှုံးခဲ့တာကိုသတိပြုရမယ်။ ဗယ်လီကာနိုကလည်း လက်ရှိ ခြေစွမ်းမဆိုးဘူး။ ဒါပေမယ့် အိမ်ကွင်းမှာ တိုက်စစ်ကအစ အားနည်းတတ်တာ သတိပြုရမယ်။

[ရွှိုင်းမင်းမင်း]

ကော်စတာ ဒဏ်ရာရရှိခဲ့မှုနှင့်ပတ်သက်၍ ဒယ်ဘိုစကေးအား မော်ရင်ဟိုပြစ်တင်ရှုတ်ချ

ပရီမီယာလီဂ်ကလပ် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် အသင်း၏ တိုက်စစ်မှူး ဒီယေဂိုကော်စတာ ဒဏ်ရာရရှိခဲ့မှုနှင့် ပတ်သက်၍ စပိန်အသင်းနည်းပြ ဒယ်ဘိုစကေးအား ပြစ်တင်ရှုတ်ချလိုက်ကြောင်း သိရသည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ရောက်ရှိလာခဲ့ချိန်မှစတင်ကာ ပွဲစဉ်ခုနစ်ပွဲ၌ ကိုးဂိုးအထိသွင်းယူပေးနိုင်ခဲ့သော်လည်း တံကောက်ကြောဒဏ်ရာပြဿနာ ကြုံခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းနောက်ဆုံးကစားခဲ့သည့်ပွဲစဉ်သုံးပွဲတွင် လွဲချော်ခဲ့ရသည်။

သို့ရာတွင် အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ချယ်လ်ဆီးအသင်းနှင့်အတူ လေ့ကျင့်ရေးအပြည့်အဝပြန်လည်ဆင်းနိုင်ပြီ ဖြစ်သောကြောင့် ကျူပီအာအသင်းအား အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်၌ ဧည့်ခံကစားရမည့် ပရီမီယာလီဂ်ပွဲစဉ်(၁၀)တွင် ပါဝင်လာရန်သေချာနေပြီဖြစ်သည်။

ပရီမီယာလီဂ်ပြိုင်ဘက် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်တစ်ဝိုးစီသရေပွဲဖြစ်ခဲ့ရခြင်းသည် တိုက်စစ်မှူးကော်စတာ ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက ကောက်ချက်ချခဲ့ပြီး စပိန်အသင်းနည်းပြ ဒယ်ဘိုစကေး အနေဖြင့် လူဇင်ဘတ်၊ ဆလိုဗက်ကီးယား စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်များတွင် တိုက်စစ်မှူးကော်စတာအား အနားပေးခြင်းမရှိဘဲ ထည့်သွင်းကစားစေခဲ့ခြင်းနှင့် သုံးရက်အတွင်း နှစ်ပွဲကစားခဲ့ရခြင်းကြောင့် ဒဏ်ရာပြဿနာကြုံခဲ့ခြင်းဖြစ်ကြောင်း မော်ရင်ဟိုက ဒယ်ဘိုစကေးအား ပြစ်တင်ပြောဆိုခဲ့သည်။

(ငွေကြေယ်)

၂၀၁၄ ဖီဖာကမ္ဘာ့အကောင်းဆုံးဆုအတွက် ပဏာမရွေးချယ်ခံထားရသော နည်းပြများ

စဉ်	အမည်	ကိုင်တွယ်သည့်အသင်း
၁	အန်ဆယ်လော့တီ	ရီးယဲလ်မက်ဒရစ်
၂	အန်တိုနီရိုကွန်တီ	ဂျူဗင်တပ်/အီတလီ
၃	ဂွါဒီယိုလာ	ဘိုင်ယန်မြူးနစ်
၄	ကလင်းစမန်	အမေရိကန်
၅	ဂျိုအာချင်လို	ဂျာမနီ
၆	မော်ရင်ဟို	ချယ်လ်ဆီး
၇	ပယ်လီဂရီနီ	မန်စီးတီး
၈	ဆက်ဘယ်လာ	အာဂျင်တီးနား
၉	ဆီမြွန်ဝမ်း	အက်သလက်တီကိုမက်ဒရစ်
၁၀	ဗန်ဟားလ်	နယ်သာလန်/မန်ယူ

အားကစား မြှင့်တင်စိတ်လန်းရွင်ဆန့်ကျင်မှုးယစ်ဆေး

ကြည့်မြင်တိုင် အမှတ်(၂)အထက်တန်းကျောင်း (၂၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အစိုးရအထက်တန်းကျောင်း (ဟုမ်းလမ်း၊ ထီးတန်း)ကျောင်းတော်ကြီးတွင် ၁၉၅၁ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်း တပည့်အပေါင်းတို့က ၁၉၅၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အထက်ပါကျောင်းတွင် ပညာများပို့ချခဲ့သည့် ဆရာသခင် ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများအား (၂၆) ကြိမ်မြောက် မြတ်ဆရာကန်တော့ ပွဲနှင့် ပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူဟောင်းများ ဂုဏ်ပြုချီးမြှင့်ပွဲကို လာမည့် ၁၃၇၆ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် (နိုဝင်ဘာ ၁၆ရက်) (တနင်္ဂနွေနေ့) အမျိုးသားနေ့ နံနက် ၁၀ နာရီမှ စတင်၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပါမည်။

ကျောင်းသား ကျောင်းသူဟောင်းများ အလုပ်အမှုဆောင်အဖွဲ့က ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ကြိုတင် ဖိတ်ကြားပါသည်။အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာမရရှိသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကန်တော့ပွဲ အခမ်းအနားသို့ မပျက်မကွက်ကြွရောက်ကြပါရန် နှိုးဆော်ပါသည်။

(အလုပ်အမှုဆောင်အဖွဲ့)

စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာကျေးဇူးတင်လွှာ

နေပြည်တော်နေ ဒုတိယပိုလ်ချုပ်ကြီး သရေစည်သူကိုကို-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏သား

မောင်ခွန်ရဲမင်းကိုကို B.C.Sc(Hons;)

နှင့်

ရန်ကုန်မြို့နေ ဦးခင်မောင်အေး(ဥက္ကဋ္ဌ၊ CB Bank)-ဒေါ်ဝတ်ရည်အေးတို့၏ တူမ

ဦးကျော်သူရ(ဒုဥက္ကဋ္ဌ၊ ကောင်းမြန်မာအောင်ကုမ္ပဏီများအုပ်စု)-ဒေါ်ခင်လှလှ(ဒုတိယဥက္ကဋ္ဌ၊ CB Bank)တို့၏ သမီး

မအင်ကြင်းသူရ

B.A (Business Management) University of Bedfordshire, UK

Diploma in Business Administration (Kaplan, Singapore)

ဒါရိုက်တာ (ကောင်းမြန်မာအောင်ကုမ္ပဏီများအုပ်စု)

တို့၏ ၂၄-၁၀-၂၀၁၄ ရက်(သောကြာနေ့)တွင် နေပြည်တော် သင်္ဂဟဟိုတယ် (Royal Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး၏ဇနီးဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှိုး၊ မင်္ဂလာပွဲသို့တက်ရောက်ချီးမြှင့်ပေးကြသော ဒုတိယသမ္မတ ဦးဥာဏ်ထွန်း၏ ဇနီးဒေါ်ခင်အေးမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၏ဇနီး ဒေါ်ခင်ပြုံး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျိုးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမျှားအဖြစ် ဆောင်ရွက်ပေးပါသော ရှင်ရင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီရန်အောင်အားလည်းကောင်း၊ ၁၈-၁၀-၂၀၁၄ ရက်(စနေနေ့) တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပသော စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးခြင်း မင်္ဂလာအခမ်းအနားတွင် မင်္ဂလာသဘင် နာယကအဖြစ် စုလျားရစ်ပတ်ထိမ်းမြားပေး၍ မင်္ဂလာအောင်စံပယ်ကုံးနှင့်မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးအားလည်းကောင်း၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမျှားအဖြစ် ဆောင်ရွက်ပေးပါသော ရွှေဘိသိက်မင်္ဂလာအကျိုးဆောင်မှ ဦးသင်မြင့်သန်းအားလည်းကောင်း၊ ၁၇-၁၀-၂၀၁၄ ရက်(သောကြာနေ့)တွင် ဆရာစံခန်းမ (CBC Ballroom) တွင် ဂျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာလက်ထပ်မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဦးဇော်ဇော်နှင့်ဇနီး ဒေါ်ဌေးဌေးခိုင်၊ ဦးရန်အောင်နှင့်ဇနီး ဒေါ်ရင်ရွှေနှင့် မင်္ဂလာအခမ်းအနားမျှား ဦးသိန်းလှမော်တို့အားလည်းကောင်း၊ ၁၈-၁၀-၂၀၁၄ ရက် (စနေနေ့)တွင် Sky Star Hotel ၌ ကျင်းပသော မင်္ဂလာညစာစားပွဲ အခမ်းအနားတွင် Singapore နိုင်ငံမှ လာရောက်၍ 3D Mapping Presentation ပြုလုပ်ပေးပါသော ST Electronic Co.,Ltd. အဖွဲ့သားများအားလည်းကောင်း၊ ပျော်ရွှင်စရာဂိမ်းအစီအစဉ်များ တင်ဆက်ပေးပါသော Dream Boat အဖွဲ့အားလည်းကောင်း၊ Presenter များအဖြစ် ဆောင်ရွက်ပေးပါသော ကိုဇေယျနှင့်မလဲ့ယမင်းအားလည်းကောင်း၊ ၂၁-၁၀-၂၀၁၄ ရက် (အင်္ဂါနေ့)တွင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေး အခမ်းအနားသို့တက်ရောက်ချီးမြှင့်ပေးပါသော စစ်တက္ကသိုလ်အမှတ်စဉ် (၁၉)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ "၀" တိုင်းရင်းသား ရိုးရာဝတ်စုံ စီစဉ်ပေးပါသော ပန်လုံတော်ဝင် မိသားစုမှ ဦးခွန်ပြည်သာစိုး(ခ)ဦးလေးစိုးအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဌာနများမှ ဝန်ထမ်းများနှင့်ဇနီးများ၊ မင်္ဂလာဦးဆွမ်းကျွေး အခမ်းအနားဖြစ်မြောက်ရေးအတွက် အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော ဒေါက်တာ တင်စိုးလင်း(ရွှေပုစွန်)၊ ဦးမောင်မောင်အောင်(Viking Marine Products Co,.Ltd.) နှင့် မဟာစည် သာသနာ့ရိပ်သာမှ တာဝန်ရှိသူများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၆-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် တောင်ငူမြို့၊ တော်ဝင်ကေတုမတီဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဧည့်သည်တော်များအားလည်းကောင်း၊ Korea အခြေစိုက် Sea Mas Company မှ Mr.Lim၊ Mr.Song နှင့်ကုမ္ပဏီအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာနေ့မောင်နှံအတွက် အမှတ်တရ ဂုဏ်ပြုတေးသီချင်းရေးဖွဲ့သီဆိုပေးသော နိုင်ငံကျော်အဆိုရှင် သျှန်ထွန်း(မြန်မာစာ)တီးဝိုင်းအဖွဲ့အားလည်းကောင်း၊ Presenter များအဖြစ် ဆောင်ရွက်ပေးပါသော မောင်ဖြိုးဝေပိုင်နှင့် မနန္ဒာ(Talent &Model Agency) အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာပန်းမိုးများ ရွာသွန်းပေးပါသော မလင်းသန့်ကြည်စင်အေးနှင့် မနွေတေးဦး၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မသစ်ဖူးဝေ၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မမိုးပြည့်စုံခင်၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြသော ကိုဇင်မိုးနှင့် ကိုရဲအေးကျော်၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြသော မနေရည်လွင်နှင့် မရွှေသဇ္ဓာအောင်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းနှင့် တေးသံသာများသီဆိုတီးခတ်ပေးပါသော ဒေါ်ရီရီသန့်နှင့် မြန်မာမှုတေးဂီတအဖွဲ့အားလည်းကောင်း၊ ညစာစားပွဲအခမ်းအနားများတွင် တေးသံသာများဖြင့် တီးခတ်ဖျော်ဖြေပေးပါသော Lazy Club တီးဝိုင်း၊ Pro တီးဝိုင်းနှင့် သီဆိုဖျော်ဖြေပေးကြပါသော နိုင်ငံကျော်အဆိုတော်များအားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်မိုးကုတ်ပေါက်ပေါက်နှင့်အဖွဲ့၊ လင်းလင်းနှင့်အဖွဲ့၊ မေဦးနှင့်အဖွဲ့၊ ညြလေးနှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ပေးပါသော မိုးကုတ်ပေါက်ပေါက်၊ ဒီဇိုင်နာ မမိုး+မနု (Tracery Fashion & Design) နှင့် Marvelous (Fashion & Design) အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးမှတ်တမ်းတင်ပေးပါသော 7 Picture အဖွဲ့၊ ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Exposure အဖွဲ့တို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော ပန်းမေလင်း-ဦးလင်းနှင့်အဖွဲ့၊ ဒေါ်မိုးမိုးသာနှင့် အဖွဲ့အားလည်းကောင်း၊ မီးအလှဆင်ပေးပါသော မီးငယ် (Sport Light Co.,Ltd.) နှင့် တော်ဝင်ကေတုမတီဟိုတယ်အား လည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးပါသော ဒေါ်စတယ်လာကျော်ဝင်းနှင့်အဖွဲ့ (KMA Group of Companies)၊ ဒေါ်သန္တာဝင်းနှင့်အဖွဲ့ (တော်ဝင်ကေတုမတီဟိုတယ်)၊ ဒေါ်မြင့်သန်း(ခ)မမျိုး (Marvelous Wedding Planner) တို့အားလည်းကောင်း၊ ဖျော်ဖြေရေးကိစ္စများအား တာဝန်ယူဆောင်ရွက်ပေးပါသော ကိုကျော်စွာအေးသောင်းနှင့် အဖွဲ့ (အောင်မြင်သူကုမ္ပဏီ)အားလည်းကောင်း၊ စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံကျွေးမွေးပေးပါသော နေပြည်တော်သင်္ဂဟဟိုတယ်မှ ဦးချစ်ခိုင်မိသားစုနှင့်ဝန်ထမ်းများ၊ ဆီဒိုးနားဟိုတယ်၊ ဆရာစံမင်္ဂလာခန်းမ၊ Sky Star ဟိုတယ်၊ မဟာစည်သာသနာ့ရိပ်သာ၊ ရွှေပုစွန်မုန့်တိုက်နှင့် တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်တို့မှ ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားများတွင် မေတ္တာဖြင့် အဘက်ဘက်မှ ပိုင်းဝန်းကူညီပေးကြပါသော ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ အစစအရာရာပြည့်စုံအောင် စီစဉ်ပေးပါသော ကောင်းမြန်မာအောင်ကုမ္ပဏီများအုပ်စုနှင့် နေကြယ်ဦးကုမ္ပဏီများအုပ်စုမှ ဝန်ထမ်းများအားလည်းကောင်း ဤမင်္ဂလာပွဲကြီးကို စေတနာထက်သန်စွာဖြင့် ကိုယ်အား၊ ဉာဏ်အား၊ နှလုံးအားဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါကြောင်း မော်ကွန်းမှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ခွန်ရဲမင်းကိုကို-မအင်ကြင်းသူရ

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်အစီအစဉ်အသိပေးကြေညာခြင်း

၁။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် လျှောက်လွှာများလက်ခံခဲ့ရာ ဘွဲ့ကြိုတန်းအတွက် ကျား(၂၃၆)ဦး၊ မ (၄၂၂)ဦး စုစုပေါင်း (၆၅၈)ဦး၊ မဟာတန်းအတွက် ကျား(၃၂၀)ဦး၊ မ (၁၅၂၈)ဦး စုစုပေါင်း (၁၈၄၈)ဦး၊ ပါရဂူတန်းအတွက် ကျား(၃၁၀)ဦး၊ မ (၂၀၆၆)ဦး စုစုပေါင်း(၂၃၇၆)ဦး လျှောက်ထားခဲ့သဖြင့် လျှောက်ထားသူဦးရေ စုစုပေါင်း ကျား (၈၆၆)ဦး၊ မ (၄၀၁၆)ဦး စုစုပေါင်း(၄၈၈၂)ဦး ဖြစ်ပါသည်။

၂။ လျှောက်ထားသူအားလုံးသည် လျှောက်ထားစဉ်က ဖော်ပြထားသော ဆက်သွယ်ရန်လိပ်စာကို အခြေခံ၍ အောက်ဖော်ပြပါမြို့ကြီးများ၌ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်မှ ၁၂ ရက်အတွင်း နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်-

စဉ်	စာစစ်ဌာန	ဆက်သွယ်ရန်လိပ်စာပါ တိုင်းဒေသကြီး/ပြည်နယ်
၁။	ရန်ကုန်	ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်
၂။	မန္တလေး	နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်
၃။	မကွေး	မကွေးတိုင်းဒေသကြီး
၄။	မုံရွာ	စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်
၅။	တောင်ကြီး	ရှမ်းပြည်နယ်၊ ကယားပြည်နယ်
၆။	မော်လမြိုင်	မွန်ပြည်နယ်၊ ကရင်ပြည်နယ်

မှတ်ချက်။ သတ်မှတ်ထားသော စာစစ်ဌာနများတွင် ဖြေဆိုရန်အခက်အခဲရှိပါက အမည်၊ အဖအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်၊ မူလစာစစ်ဌာန၊ ပြောင်းလဲဖြေဆိုလိုသော စာစစ်ဌာနတို့ကို ဖော်ပြလျက် **eiei.mon @ mm.britishcouncil.org** သို့ ၇-၁၁-၂၀၁၄ ရက်နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းကြားနိုင်သည်။

၃။ အဆိုပါ အရည်အချင်းစစ်စာမေးပွဲအတွက် ဗြိတိသျှကောင်စီ၏ Global English Assessment Tool တစ်ခုဖြစ်သော ကွန်ပျူတာအသုံးပြု၍ ဖြေဆိုရသည့် Aptis Test ကို အသုံးပြုစစ်ဆေးမည်ဖြစ်ပါသည်။

၄။ Aptis Test တွင် အပိုင်း(၅)ပိုင်းပါဝင်ပြီး ဖြေဆိုရန်ကြာမြင့်မည့်အချိန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

Computer-based Aptis Test

Component	Duration
Grammar and Vocabulary	25 minutes
Reading	30 minutes
Listening	50 minutes
Writing	50 minutes (Extra: 30 minutes)
Speaking	12 minutes

မှတ်ချက်။ Aptis Test နမူနာနှင့် အသေးစိတ်အချက်အလက်များကို **www.britishcouncil.org/Aptis** တွင် လေ့လာနိုင်ပါသည်။

၅။ အဆိုပါ Aptis Test မေးခွန်းနမူနာနှင့် ဖြေဆိုနည်းလမ်းညွှန် (Aptis Test Familiarization) ကို MRTV, MRTV-4 နှင့် Sky Net ရုပ်မြင် သံကြားတို့မှလည်းကောင်း၊ နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများတွင်လည်းကောင်း ထုတ်လွှင့်ဖော်ပြပေးမည်ဖြစ်ပြီး ထုတ်လွှင့်ဖော်ပြမည့်နေ့ရက်များကို ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ Aptis Test ဖြေဆိုမည့်နေ့တွင် စတင်ဖြေဆိုမည့် သတ်မှတ်ချိန်မတိုင်မီ (၁)နာရီကြိုတင်ပြီး ကွန်ပျူတာအသုံးပြု၍ ဖြေဆိုနည်းကို ထပ်မံလမ်းညွှန်ပို့ချပေးမည်ဖြစ်ပါသည်။

၇။ ဖြေဆိုမည့်သူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ စာဖြေဌာန၊ ဖြေဆိုရမည့်ရက်စွဲနှင့် အချိန်တို့ကို ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများတွင် ဆက်လက်ကြေညာပေးမည်ဖြစ်ပါသည်။

၈။ နယ်ခရီးစရိတ်ရှိက တင်ပြတောင်းခံနိုင်ပါသည်။

၉။ Aptis Test ဖြေဆိုသူများအနက်မှ သတ်မှတ်အရည်အချင်းပြည့်မီသူများကို စိတ်စွမ်းရည်စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်ရွေးချယ်ကာ နိုင်ငံခြားတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားစဉ်ကာလအတွင်း အရည်အချင်းမြှင့်သင်တန်းများ ပို့ချမည်ဖြစ်ပါသည်။

၁၀။ ထပ်မံလိုအပ်သော အသိပေးကြေညာချက်များကို ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများတွင် ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

လျှပ်စစ်ဥပဒေပြဋ္ဌာန်း

လျှပ်စစ်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ ။)
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လျှပ်စစ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လျှပ်စစ်ဓာတ်အား**ဆိုသည်မှာစွမ်းအင်အရင်းအမြစ်တစ်မျိုးမျိုးကိုအသုံးပြု၍ထုတ်လုပ်ရရှိသည့်လျှပ်စစ်ဓာတ်အားကိုဆိုသည်။

(ခ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာလျှပ်စစ်ဓာတ်အားနှင့် စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်စမ်းသပ်စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းများကို ဆိုသည်။

(ဂ) **လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်**ဆိုသည်မှာလျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုနိုင်သည့်လုပ်ပိုင်ခွင့်ကိုဆိုသည်။

(ဃ) **ခွင့်ပြုမိန့်**ဆိုသည်မှာလျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကိုလုပ်ကိုင်ဆောင်ရွက်ရန် ပုဒ်မ ၇ အရ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူအဖြစ် သတ်မှတ်ခြင်းခံရသူကထုတ်ပေးသောခွင့်ပြုမိန့်ကိုဆိုသည်။

(င) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း** ဆိုသည်မှာ နည်းပညာတစ်ခုခုအသုံးပြု၍ စွမ်းအင်အရင်းအမြစ်တစ်မျိုးမျိုးမှ စီးပွားဖြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုဆိုသည်။

(စ) **ဓာတ်အားပို့လွှတ်ရေးစနစ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ပင်ရင်းမှ ပင်မဓာတ်အားခွဲရုံသို့လည်းကောင်း၊ ပင်မဓာတ်အားခွဲရုံအချင်းချင်းသို့လည်းကောင်းဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်းတိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ ဓာတ်အားပို့လွှတ်သည့်စနစ်ကိုဆိုသည်။

(ဆ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံသို့ သတ်မှတ်ထားသော ဗို့အား၊ လျှပ်စီးနှင့် ကြိမ်နှုန်းတို့ဖြင့် စနစ်တကျဓာတ်အားဖြန့်ဖြူးခြင်းကိုဆိုသည်။

(ဇ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်ရုံနှင့် ဓာတ်အားခွဲရုံတို့မှဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်းတိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့်ဆက်စပ်ပစ္စည်းများကို အသုံးပြု၍လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့်စနစ်ကိုဆိုသည်။

(စျ) **လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်း**ဆိုသည်မှာပြည်တွင်းမှ ဖြစ်စေ၊ ပြည်ပမှဖြစ်စေ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဖလှယ်ခြင်းကိစ္စရပ်များကို လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူနှင့်ဆက်သွယ်၍ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဉ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း**ဆိုသည်မှာ သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးနှင့် ကြိမ်နှုန်းရှိသော လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်များနှင့်အညီ ရယူအသုံးပြုခြင်းကိုဆိုသည်။

(ဋ) **လျှပ်စစ်ဓာတ်အားစနစ်**ဆိုသည်မှာ မဟာဓာတ်အားလိုင်းစနစ်နှင့် ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်တို့ကို ဆိုသည်။

(ဌ) **မဟာဓာတ်အားလိုင်းစနစ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကိုချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်နေသော တစ်နိုင်ငံလုံးနှင့်ဆိုင်သော စနစ်ကိုဆိုသည်။

(ဍ) **ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်**ဆိုသည်မှာ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်မှုမရှိဘဲ နယ်နိမိတ်တစ်ခုအတွင်း၌ သီးခြားစနစ်တစ်ခုအဖြစ် ဓာတ်အားပေးနေသော လျှပ်စစ်ဓာတ်အားစနစ်ကိုဆိုသည်။

(ဎ) **လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေ**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဝန်ကြီးဌာနက သတ်မှတ်ထားသောအကွာအဝေးအတွင်းရှိ နယ်မြေကိုဆိုသည်။

(ဏ) **ဓာတ်အားစနစ်ကွပ်ကဲခြင်း** ဆိုသည်မှာ မဟာဓာတ်အားလိုင်းစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို နည်းပညာစံချိန်စံညွှန်းနှင့်အညီ စီမံကွပ်ကဲခြင်းကို ဆိုသည်။

(တ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်း** ဆိုသည်မှာ လျှပ်စစ်စူးစမ်းရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အားစနစ် ကွပ်ကဲခြင်း၊ လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားဖလှယ်ခြင်းလုပ်ငန်းတို့မှအပ အခြားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

(ထ) **လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင်အသုံးပြုသော လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ဓာတ်အားလိုင်းများ၊ လျှပ်စစ်တိုင်းတာရေးကိရိယာများ၏ ကြံ့ခိုင်မှုနှင့် စံချိန်စံညွှန်းစစ်ဆေးခြင်းကိုဆိုသည်။

(ဒ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(နဒ) **လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**ဆိုသည်မှာ သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်တွင် လျှပ်စစ်ဓာတ်အားလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းထားသောအဖွဲ့ကိုဆိုသည်။

(ပ) **လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တစ်ခုခုနှင့်သော်လည်းကောင်း၊ ဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းတစ်ခုခုသို့မဟုတ် လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုခုနှင့်သော်လည်းကောင်း ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်တို့အစုစုပေါင်းလုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်ထားသော လုပ်ငန်းကို ဆိုသည်။

(ဖ) **ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သူ**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ကို တည်ဆဲဥပဒေများနှင့်အညီရယူပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်သူနှင့် ထုတ်လုပ်ရောင်းချသူကို ဆိုသည်။

(ဗ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူ**ဆိုသည်မှာ တည်ဆဲဥပဒေများနှင့်အညီလျှပ်စစ်ဓာတ်အား ရယူသုံးစွဲသူကိုဆိုသည်။

(ဘ) **အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုဆိုသည်။

(မ) **အလတ်စားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထက်မှ ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သောလျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုဆိုသည်။

(ယ) **အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၃၀ မဂ္ဂါဝပ်အထက် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုဆိုသည်။

(ရ) **လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

(လ) **လျှပ်စစ်ပစ္စည်းအရည်အသွေးစစ်ဆေးချက်လက်မှတ်**ဆိုသည်မှာ လျှပ်စစ်ပစ္စည်းများကို သတ်မှတ်ထားသောဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီစစ်ဆေး၍ သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီကြောင်းတွေ့ရှိရသဖြင့် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကိုဆိုသည်။

(ဝ) **လျှပ်စစ်ပစ္စည်းထုတ်လုပ်သူ**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်များ၊ လျှပ်စစ်ဓာတ်အား သုံးစွဲသည့်စက်ပစ္စည်းများနှင့် လုပ်ငန်းသုံးကိရိယာများကို သတ်မှတ်ထားသောစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်သူကိုဆိုသည်။

(သ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မရှင်ကိုဆိုသည်။

(ဟ) **စစ်ဆေးရေးမှူးချုပ်**ဆိုသည်မှာ ဤဥပဒေပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနကခန့်အပ်သော ပုဂ္ဂိုလ်ကို ဆိုသည်။

(ဠ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်**ဆိုသည်မှာ သတ်မှတ်ထားသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းများလုပ်ကိုင်ရန် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသော လျှပ်စစ်နှင့်စပ်လျဉ်း၍ ကျွမ်းကျင်ကြောင်းလက်မှတ်ကိုဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အစိုးရ၏မူဝါဒများနှင့်အညီ လျှပ်စစ်ဆိုင်ရာကိစ္စရပ်များကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရန်နှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်၊

(ခ) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများအပြင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ပိုမိုအားပေးရန်၊

(ဂ) လျှပ်စစ်ဓာတ်အားကိုအန္တရာယ်ကင်းရှင်းစွာနှင့် ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်၊

စာမျက်နှာ ၁၆ သို့

တိုက်ခန်းငှါးမည်။
မန္တလေးဘူတာကြီးအရှေ့ဘက်၊ လမ်း (၃၀) ၊ ၇၇×၇၈ ကြား မန္တလေး။ လေးထပ်ခွဲတိုက်ခန်း ငှါးမည်။ ဘဏ်လုပ်ငန်းလုပ်မည့်သူကို ဦးစားပေးမည်။ အဆင့်မြင့်ပြုပြင်ပြီးဖြစ်ပါ၍ အသင့်နေနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း 09-73099095, 09-253788558

ကားရောင်းမည်
Toyota Crown Royal Saloon 2004, Toyota Probox 2009 Honda Acty Mini Track 2004 ဖုန်း-၀၉-၅၀၀၁၉၀၈

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကန့်ကွက်နိုင်ပါကြောင်း
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၇၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၇၂/ခ)၊ ဘရဏီ(၂)လမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မြရီအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြရီကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၁၄၈၂ (၁၅-၁၀-၉၈) ဖြင့် ရရှိသူ ဒေါ်သောင်းညွှန့်၊ ဒေါ်ညွှန့်တင်၊ ဦးအောင်မောင်တို့အား တရားပြိုင်ထား၍ (တရားလို) ဦးစိန်လင်းတို့၏ တောင်ဥက္ကလာပမြို့နယ် တရားမရုံး၏ တရားမကြီးမှုအမှတ်-၂၆/၁၄၏ စီရင်ချက်နှင့် ဇာရီမှုအမှတ် ၄၂/၁၄ ၏ အမိန့်တို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း(၁၂/မရက(နိုင်)၀၄၇၆၁၆)မြေ့ အရောင်းအဝယ်စာချုပ်ရန် မြေပဲ့ကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၀/Fi မြေကွက်အမှတ်-၁၂/ဆမြေကွက်တည်နေရာအမှတ်(မ/၁၉)၊ကန်လမ်း၊ရွှေအရှေ့ရပ်ကွက်၊အင်းစိန်၊ဗိုလ်မှူးစိုးတင့်(ခ)ဦးယဉ်ကြူ၊ အမည်ပေါက်၊မြေပိုင်ရှင်(အိမ်ယာမြေ)အား အမည်ပေါက်ခိုလ်မှူးစိုးတင့်(ခ)ဦးယဉ်ကြူကွယ်လွန်သဖြင့်ဒေါ်ခင်စိုးရွှေ(၉/အမရ(နိုင်)၀၀၃၂၀၈) ကဆီးတော်စပ်ကြောင်း တရားရုံးကတိသစ္စာပြု လွှာ၊သောက်ခံ ကျမ်းကိုမှီ လွှာ၊သေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်မှန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူဆောက်လုပ်ခဲ့သော တိုက်ရှိကန်ထရိုက်တာ အကျိုးအမြတ်ရရှိထားသောအခန်းကို ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဒေါ်မိမိစိန် [၁၂/ကတတ(နိုင်)၀၂၄၀၆၇(မ)] Asia Express (YGN)Co.,Ltd	ဒေါ်ဖွား [၁၂/မရက(နိုင်)၁၁၀၁၄၉]	တိုက်အမှတ်(စီ)၊ အခန်းအမှတ်(၁၂) (မြေညီ)၊ လမ်းမတော်ကွန်ဒို လမ်းမတော်လမ်း၊ လသာမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

လာပြန်ပြီလို့တော့ မ ညည်းညူလိုက်ပါနဲ့နော်..... iphone 6+ နှင့် အခြားဆုမဲတွေကို ပေးချင်တာ..... လွှမ်းမိုးသူရဲ့ စေတနာပါ.....
24 အောက်တိုဘာ 2014 မှ 23 နိုဝင်ဘာ 2014 တစ်လတိတိ ကို "နှင်းဆီအဖြူ" ရောင် အမှတ်တံဆိပ် ခရီးဆောင်အိတ် (Luggage) မျိုးစုံ ဈေးအရောင်းပွဲကို ကမ္ဘာအေးစေတီလမ်း ဂမုန်းပွင့်ကုန်တိုက်မှာ ခရီးဆောင်အိတ် သီးသန့် ရဟန်းရှင်လူ အမျိုးမျိုး အတွက် ဈေးရောင်းပွဲတော်ကြီးကို စတင်လိုက်ပြီနော်.....
iphone 6+ နှင့် အခြားဆုမဲ (10) ဆုကြီးများတောင်..... ကမ္ဘာအေး ဂမုန်းပွင့်ကုန်တိုက်နှင့် လွှမ်းမိုးသူ ဆိုင်တိုင်းမှာ ဝင်ရောက်ပြီး ကံစမ်းလိုက်ကြပါဗို့.....
လွှမ်းမိုးသူ Bag Collection
လိပ်စာ - အမှတ်(၁/၆)၊ စံပယ်လမ်းနှင့် (၆)လမ်းထောင့်၊ ယုဇနပလာဇာအနောက်ဘက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-205058, 205059, 203352, Fax : 203194

စာမျက်နှာ ၁၅ မှ

(ဃ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေရန်၊

(င) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေရန်၊

(စ) ခေတ်နှင့်လျော်ညီသော လျှပ်စစ်ဓာတ်အားခန္ဓနန်းထားများ သတ်မှတ်နိုင်ရေးအတွက် မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော်သော နည်းဥပဒေများ၊ စည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အား သုံးစွဲသူများသည် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဗို့အားနှင့်ကြိမ်နှုန်းရှိသည့် လျှပ်စစ်ဓာတ်အားကို အသုံးပြုခွင့်ရရှိစေရန်နှင့်စံချိန်စံညွှန်းမကိုက်ညီသော လျှပ်စစ်ဓာတ်အားကြောင့် သုံးစွဲသူများ၏ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးရခြင်းမှ အကာအကွယ်ပေးနိုင်ရန်၊

(ဇ) မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့် အညီ လေးစားလိုက်နာဆောင်ရွက်မှုရှိစေရန်။

အခန်း(၃)

ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် သင့်လျော်သောပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ် ဦးဆောင်စေလျက် သက်ဆိုင်ရာပညာရှင်များ ပါဝင်သော ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ၍ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသောကော်မရှင်တွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ငါးဦး သို့မဟုတ် ခုနစ်ဦးဖြင့် ဖွဲ့စည်းရမည်။

(ဃ) ကော်မရှင်၏ သက်တမ်းနှင့်လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးရမည်။

၅။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား လိုအပ်သော အကြံဉာဏ်ပေးခြင်း၊

(ခ) အမျိုးသားလျှပ်စစ်စွမ်းအား မူဝါဒပြုစုရေးဆွဲရာတွင် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊

(ဂ) ခေတ်နှင့်လျော်ညီသော လျှပ်စစ်ဓာတ်အားခန္ဓနန်းထားများ သတ်မှတ်နိုင်ရန်အတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊

(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးတွင် လိုအပ်ပါက လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်ခွဲများဖွဲ့စည်းပေးခြင်းနှင့် ယင်းကော်မရှင်ခွဲများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(င) လျှပ်စစ်ကဏ္ဍတစ်ခုလုံး၏ အခြေအနေများကို နိုင်ငံတကာ လျှပ်စစ်စံချိန်စံညွှန်းများနှင့်နှိုင်းယှဉ်လေ့လာပြီး စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် တွေ့ရှိချက်များအရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား လိုအပ်သလို ဆောင်ရွက်နိုင်ရန်အကြံဉာဏ်ပေးခြင်း၊

(စ) ပုဂ္ဂလိကကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံရန်သင့်လျော်သော အခြေအနေများဖန်တီးပေးရန်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ နည်းဥပဒေများကိုလိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံပိုင်အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) လျှပ်စစ်ဓာတ်အားကဏ္ဍတိုးတက်စေရန် လိုအပ်သောနည်းပညာများနှင့် အတတ်ပညာများရရှိစေရေးအတွက် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းရယူခြင်း၊

(စျ) လျှပ်စစ်ဓာတ်အားစနစ်၏ နည်းပညာဆိုင်ရာစည်းမျဉ်းများနှင့် စံချိန်စံညွှန်းများပြုစုရေးဆွဲရာတွင် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ည) လျှပ်စစ်ဓာတ်အားစနစ်နှင့် သင့်လျော်သော လျှပ်စစ်ဓာတ်အားကွန်ရက်ဆိုင်ရာလုပ်ထုံးလုပ်နည်း (Grid Code) အား ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများကဂင်းတို့၏ လုပ်ငန်းများတွင် အသုံးပြုနိုင်သည့်ဝန်ဆောင်မှုစံချိန်စံညွှန်းများကို လိုက်နာစေရန်ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဌ) လျှပ်စစ်ဓာတ်အားကဏ္ဍအပေါ် စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ကိုရည်ရွယ်၍ နိုင်ငံတကာ လျှပ်စစ်လုပ်ငန်းစံချိန်စံညွှန်းများ၊ ဝန်ဆောင်မှုများ၊ ဆောင်ရွက်မှုမှတ်တမ်းများနှင့် နှိုင်းယှဉ်ပြီးလျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်ချက်များ၊ လျှပ်စစ်ဓာတ်အားစနစ်နှင့်လျှပ်စစ်ဓာတ်အားကဏ္ဍတစ်ခုလုံး၏ ဆောင်ရွက်ချက်များကို ခွဲခြမ်းစိတ်ဖြာ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဍ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်ချက်များမှ ရရှိလာသည့် သတင်းအချက်အလက်များအနက်မှ ပြည်သူလူထုသိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြည်သူလူထုသို့အသိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုခြင်းတို့တွင်သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီခြင်းရှိ မရှိ စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဏ) ကော်မရှင်၏ လုပ်ငန်းအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အနည်းဆုံးခြောက်လတစ်ကြိမ် တင်ပြခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော လျှပ်စစ်ဆိုင်ရာအခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ထ) ကော်မရှင်သည် လုပ်ငန်းများဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည်။

အခန်း(၄)

ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူများနှင့်ယင်းတို့၏တာဝန်များ

၇။ အောက်ဖော်ပြပါအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအား ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူများအဖြစ်သတ်မှတ်သည် -

(က) ဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာန၊

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊

(ဂ) သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ။

၈။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်-

(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းနှင့် ဖလှယ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူများအား ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်သည်။

(ဂ) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို ဖွဲ့စည်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို ဖွဲ့စည်းရာတွင်-

(၁) သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနကပိုင်ဆိုင်သောငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဆက်ခံစေရမည်။

(၂) ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ယင်းလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက သီးခြားလွတ်လပ်စွာစီမံခွင့်ရှိစေရန် ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ(ဂ)အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကိုစီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန် အများနှင့် သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် သင့်လျော်သည့်အချိန်တွင် တည်ထောင်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၉။ (က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည်မိမိဒေသအတွင်း ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းတို့ကိုခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ပိုင်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ပုဒ်မခွဲ (က) သို့မဟုတ်(ခ) တို့အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်ပါက ဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၁၀။ ဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင်-

(က) အသုံးပြုရန်လိုအပ်သော မြေပမာဏကိုတည်ဆဲဥပဒေများနှင့်အညီ ရယူအသုံးပြုခွင့်ရှိသည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့်အညီ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်သက်ရောက်မှုတို့ကို ဆန်းစစ်ခြင်း၊ ထိခိုက်မှုအနည်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ ထိခိုက်မှုများအတွက် ပြန်လည်ပေးလျော်ခြင်းနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေ ထည့်ဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ယင်းအချက်များကို ပုဂ္ဂလိက လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများလည်း လိုက်နာစေရန် ဆောင်ရွက်ရမည်။

(ဂ) လျှပ်စစ်ဓာတ်အားစနစ်အတွင်း တည်ဆောက်အသုံးပြုနေသော လျှပ်စစ်ဓာတ်အားပြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများနှင့် ဆက်စပ်အဆောက်အအုံများကို တည်ဆဲဥပဒေများနှင့်အညီ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခွင့်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

DUAL TECH

လက်တွေ့ကျွမ်းကျင် စက်မှုလက်မှု သက်ဆိုင်သင်တန်းများ

- ရေခဲသေတ္တာနှင့် အဲယားကွန်းပြုပြင်တပ်ဆင်ခြင်းသင်တန်း
- လျှပ်စစ်ဝါယာရိန်းနှင့် အီလက်ထရောနစ်သင်တန်းများ
- ကားအင်ဂျင်နှင့် ကားဝါယာရိန်းသင်တန်းများ
- မော်တာထရန်စဖော်မာပြုပြင်ခြင်းသင်တန်း
- မော်တာကွန်ထရိုး နှင့် ဂျန်နရေတာပြုပြင်ခြင်းသင်တန်းများ
- သဘော်ဘျင်းလျှပ်စစ် သင်တန်း

လက်တွေ့ ၇၀% စာတွေ့ ၃၀% — အချိန်ညှိနှိုင်းစီစဉ်ပေးသည်။ — ၂ ဘာသာ အပ်လျှင် 5% Off — ပုံမှန် (၂)လ၊ အမြန် (၁)လ။

ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများ

- i-office, DTP, Graphic Design
- Advanced Excel, Special Photoshop

အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများ

- Basic 4- Skills, Intermediate 4-Skills
- Advanced 4-Skills, Grammar

တစ်ဦးလျှင် စက်တစ်လုံးစီဖြင့် စနစ်တကျ သင်ကြားပေးသည်။ — ကျွမ်းကျင်စွာပြောနိုင်သည် အထိ သင်ကြားပေးသည်။

အမှတ် ၂၃၄/စီ ၊ မင်းကြီးလမ်း၊ ရွှေမအရှေ့၊ မည္ဝေ မှတ်တိုင်၊ တင်းစိန်။
PH: 09420313719, 0973069682.

ကန့်ကွက်နိုင်တြောင်းကြော်ငြာ

ဒေါ်ပြုံ့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁/ဗမာအေး)၊ မြေကွက် အမှတ်(၁၈၇)၊ မြေကွက်တည်နေရာအမှတ်-၁၈၇၊ ဗညားဒေလ လမ်း ဗမာအေးရပ်ကွက်ဒေါ်ပြုံ့နယ် (ဦးချစ်စိန်-၁၂/ဒပန (နိုင်)၀၂၅၃၇၆)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးချစ်စိန် (ဖခင်) နှင့် ဒေါ်ထွေးကြည်(မိခင်)တို့ ကွယ်လွန်သမြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဦးမောင်အေး (၁၂/ဒပန(နိုင်) ၀၃၂၂၄၇)နှင့် ဒေါ်ခင်မိုးပြင့် (၁၂/ဒပန(နိုင်) ၀၂၅၅၅၆) (ကိုယ်စား GP ရသူ ဦးမျိုးမြင့် (၁၂/သကတ (နိုင်)၀၂၅၄၄၅)မှ ကျွမ်းကျိန်လျှာ၊ သေစာရင်း တိုင်းကျွန်းမာဒေ ဦးစီးဌာနမှပြန်စာနှင့်ရပ်ကွက်နှင့်ပြုံ့နယ်အုပ်ချုပ်ရေးမှူးရုံးမှသေဆုံးကြောင်း ထောက်ခံစာတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချန်နှင့်စွန့်လွှတ်စာချုပ်စာချုပ်ဆိုရန်ပြေပျောက် လျှောက်ထားလာရာ ခိုင်လုံသော အထောက် အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန် နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Ayarwaddy Legend Travels & Tours မှ စီစဉ်သော

စိန်ရောင်ခြည်

ဗုဒ္ဓဂယာ ဘုရားဖူးဂန်ဆောင်မှုလုပ်ငန်း

- အိန္ဒိယနိုင်ငံရှိ ဘုရားပွင့်ရာ သံဃဇနီယလေးဌာန၊ အဂိဇဟိတလေးဌာန၊ နယူးဒေလီ၊ တပ်ရိုမဟာ၊ အိန္ဒိယခံတပ်သို့
  - (၁၄ညအိပ်/၁၅ရက် ခရီးစဉ်များ) ၉ သိန်း (Dec 24/Jan 16/Feb 20/March 20/April 10)
  - (၇ ညအိပ် / ၈ ရက် ခရီးစဉ်များ) ၇ သိန်းခွဲ (Dec 5/Jan 2/Feb 6/March 6)

  ခရီးစဉ်တလျောက်လုံး စိတ်ချမ်းမြေ့စွာ ကုသိုလ်ယူနိုင်ရန် နွေးထွေး ပြည့်စုံသော ဝန်ဆောင်မှုများပေးခြင်း။
- ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၏ ခရီးစဉ်များအတွက် အထူးနှုန်းထားဖြင့် ဝန်ဆောင်မှုပေးပါသည်။
- သီးသန့်သွားချင်သူများအတွက်လည်း အထူးစီစဉ်ပေးပါသည်။
- ကြိုတင်စာရင်းပေးသွင်းထားခြင်းဖြင့် Discount များရယူနိုင်ပါပြီ။

ရန်ကုန် - အမှတ်(၁၀၄)၃၇လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၆၅-၁)၊ ၂၅၂၀၀၇၊ ၂၅၂၀၀၈၊ ၃၉၈၃၁၃၊ ၃၇၇၆၆၇၊ ၂၅၀၆၀၆
မန္တလေး - အမှတ်(၇၆)၊ လမ်း၃၀၊ (၇၃-၇၄)လမ်းကြား၊ ချမ်းအေးသာဝင်းမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉-၄၀၂၆၆၄၄၈၊ ၀၉-၈၆၀၀၂၁၈

ပြည်တွင်းရေးရာ

ပင်လယ်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာမှုကြောင့် ဖျာပုံဈေးများနှင့် ငါးခြောက်ရောင်းသည့်ဈေးများတွင် ငါးခြောက်ရောင်းဝယ်သူတို့ဖြင့် စည်ကား

ဖျာပုံ၊ အောက်တိုဘာ ၂၈

ပင်လယ်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာချိန်ဖြစ်သောကြောင့် ဖျာပုံမြို့မဈေး၊ ငါးခြောက်ရောင်းသည့်ဈေးနှင့် ဈေးတန်းငါးခြောက်ရောင်းသည့် အိမ်ဆိုင်များတွင် ရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၆ ရက်နံနက်က ငါးခြောက်ဈေးကွက်တွင် ကကူရံငါးခြောက်အသေးတစ်ပိသာ ကျပ် ၉၀၀၀၊ အကြီးကျပ် ၁၂၀၀၀၊ ငါးကွင်းရှည်ငါးခြောက်တစ်ပိသာ ကျပ် ၉၀၀၀၊ ငါးနှပ်ခြောက်ခေါင်းပါတစ်ပိသာ ကျပ် ၅၅၀၀၊ ခေါင်းဖြတ် ကျပ် ၆၀၀၀၊ ငါးနီခြောက် တစ်ပိသာကျပ် ၅၅၀၀ နှင့် ကျပ် ၆၀၀၀၊ ငါးမြီးတံသွယ်ခြောက်တစ်ပိသာ ကျပ် ၁၅၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

မိုးအကုန်ဆောင်းအကူး ပွင့်လင်းရာသီတွင် သဘာဝအနေအထားအရ မြန်မာ့ပင်လယ်ပြင်တွင် လေငြိမ်သက်သည့်ရာသီရောက်ရှိလာပြီဖြစ်သဖြင့် ဖျာပုံမြို့နယ် အတွင်းမှ ပင်လယ်ငါးဖမ်းစက်လှေများ၊ အခြားရေလုပ်ငန်းအမျိုးမျိုးတို့ လုပ်ငန်းစတင်နေပြီဖြစ်သည်။ ငါးဖမ်းစက်လှေများဖြင့် ပိုက်ချဖမ်းဆီးရာတွင် ရေလုပ်သားခေါင်းဆောင်ဦးစီးဖြစ်သူ၏ လုပ်ငန်းကျွမ်းကျင်မှုကိုအခြေခံပြီး အချို့ရေလုပ်ငန်းရှင်များ ဦးဦးဖျားဖျား ငါးမျိုးစုံဖမ်းဆီးရမိပြီး ဈေးကောင်းရရှိကြသည်။

ဖျာပုံမြို့ ဝါရင့်ရေလုပ်ငန်းရှင်တစ်ဦးက "ငါးအမိအရအကောင်းဆုံးကတော့ တန်ဆောင်မုန်းလပြည့်ကျော်ကနေ စကောင်းပါတယ်။ စောစောလုပ်ငန်းစတဲ့လူတွေ အတွက်ကတော့ ဝီရိယအကျိုးခံစားရတယ်လို့ ပြောရမှာပေါ့။ ငါးအမိအရနည်းရင်လည်း ဈေးကောင်းရတော့ တွက်ခြေကိုက်တာပေါ့" ဟု ပြောသည်။

ယခုရက်ပိုင်းတွင် ငါးများကိုရေခဲရိုက်ပြီး ရန်ကုန်ဈေးကွက်သို့ မော်တော်ကား၊ ရေယာဉ်များဖြင့် တင်ပို့လျက်ရှိရာ ငါးအဝယ်ဒိုင်များ ဝင်ငွေရရှိနေပြီး ငါးအဝယ်ဒိုင်တွင် အလုပ်လုပ်နေကြသည့် အလုပ်သမားများနှင့် အနေ့းယာဉ်ဆိုက်ကား သမားများ၊ ဆိုင်ကယ်ကယ်ရီသမားတို့လည်း နေ့အလိုက် ဝင်ငွေ ကျပ် ၃၅၀၀ မှ ကျပ် ၅၀၀၀ အထိ ရရှိနေကြကြောင်းသိရသည်။

ဖျာပုံ(ညောင်တုန်း) ဈေးတွင် ငါးပိမျိုးစုံ ရောင်းဝယ်နေသူတစ်ဦးက မျှင်ငါးပိ အကောင်းစား လက်ထောင်းတစ်ပိသာ ကျပ် ၁၈၀၀၊ မျှင်ငါးပိစက်ကြိတ် တစ်ပိသာ ကျပ် ၁၀၀၀ နှင့် ရေချိုငါးပိအကောင်းစား (ငါးတံခွန်) တစ်ပိသာ ကျပ် ၁၀၀၀ ရောင်းရကြောင်း ပြောသည်။

ဖျာပုံဈေးကွက်တွင် လက်ဆောင်ပေးရန် ကောင်းသည့် ဖျာပုံရေချိုပုစွန်ခြောက်များ ရှားသွားပြီး ရေငန်ပုစွန်ခြောက်များ ဈေးကွက်ဝင်လာကြောင်း သိရသည်။

အောင်ဝင်း

HIV၊AIDS ဝေဒနာရှင်များ ပံ့ပိုးကူညီနိုင်ရေးအတွက် မွန်ဒေသဆိုင်ရာ (MINA) အဖွဲ့ ဖွဲ့စည်း

မော်လမြိုင်၊ အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (HIV၊ AIDS) Myanmar Interfaith Networt on AIDS (MINA) အဖွဲ့မှ မွန်ဒေသအတွက် (MINA) ဖွဲ့စည်းခြင်းအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်နံနက် ၈ နာရီက မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ရှိ ပြည်နယ်ကြက်ခြေနီရုံးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် အရပ်ဖက်အဖွဲ့အစည်း (CSO) များ စုံညီစွာတက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဘာသာကြီးလေးခုမှ ဆရာတော်ကြီးများက ဦးစွာ ဆုတောင်းမေတ္တာပို့သပြီး MINA ဗဟိုအလုပ်အမှုဆောင် အရှင်ဥာဏဇင်္ဂလ၊ ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာသန်းထွန်းအောင်နှင့် မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးတို့က အဖွင့်အမှာစကားပြောကြားကာ MINA ဗဟိုအလုပ်အမှုဆောင် ညီနှိုင်းရေးမှူး ဒေါ်ခေါန်တောင်က MINA ဖွဲ့စည်းရခြင်းအကြောင်းရင်းနှင့် အဖွဲ့၏ဆောင်ရွက်မှု ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မွန်ဒေသ (MINA) အဖွဲ့ကို ဖွဲ့စည်းရာ ဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ ဒုဥက္ကဋ္ဌ ဦးမောင်အေး၊ အတွင်းရေးမှူး ဦးကျော်မြင့်တို့ပါဝင်သော အမှုဆောင် ၁၀ ဦးကို အများသဘောတူ ရွေးချယ်ခဲ့ကြပြီး ဗဟိုအလုပ်အမှုဆောင်ကိုယ်စားလှယ်များအဖြစ် ဦးမောင်အေး၊ ဦးကျော်မြင့်၊ ဦးအေးမောင်နှင့် ဦးထွန်းထွန်းအောင်တို့အား အတည်ပြုခဲ့ကြသည်။

အဆိုပါ ဘာသာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (MINA) ကို ၂၀၀၉ ခုနှစ် နိုဝင်ဘာတွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့၏ရည်ရွယ်ချက်မှာ ကိုးကွယ်ယုံကြည်မှု ဘာသာအမျိုးမျိုးတို့ကြား ပိုမိုလေးနက်သော ရင်းနှီးမှု၊ အပြန်အလှန်လေးစားချစ်ခင်မှုနှင့် နားလည်မှုတို့ကို တည်ဆောက်ရန် အရင်းအမြစ်ဖြစ်သော လူအား၊ ငွေအား၊ နည်းပညာအားများကို မျှဝေသုံးစွဲရန်တို့ပါဝင်သည်။

ယင်းအပြင် HIV ပိုးရှိသူများကို ခွဲခြားနှိမ်ချဆက်ဆံမှုမရှိသော ဘာသာရေးအသိုင်းအဝိုင်းများကို တည်ဆောက်ရန်၊ HIV ပိုး ရှိသူများအား ဘာသာရေးအသိုင်းအဝိုင်းများတွင် အခြေခံလိုအပ်ချက်များ ရရှိရေးအတွက် စည်းရုံးဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။

ဆက်နေမင်းအောင်

မြန်အောင်မြို့နယ်ပညာရေးဌာနက အောင်ချက်မြင့်မားရေးအတွက် ပညာဒါန စာသင်ဝိုင်းဖွင့်လှစ်မည်

မြန်အောင်၊ အောက်တိုဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြို့နယ်ပညာရေးဌာနက ကြီးမှူးဖွင့်လှစ်မည့် ပညာဒါနစာသင်ဝိုင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ နေ့စဉ် ညနေ ၆ နာရီမှ ၉ နာရီအထိ အခြေခံပညာအထက်တန်းကျောင်း နေခြည်၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းပညာဒါနသင်တန်းကျောင်းဖွင့်ရန် အောက်တိုဘာ ၂၅ ရက်က အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခဲ့ပြီး စာသင်ဝိုင်းသို့ တက်ရောက်မည့် ကျောင်းသားများကို မြို့နယ်ပညာရေးမှူးရုံးတွင် စာရင်းပေးသွင်းခြင်းများ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စာသင်ဝိုင်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ လက်ထောက်မြို့နယ်ပညာရေးမှူး ဆရာဦးစန်းဝင်းက "တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးကို ရည်ရွယ်ပြီး မြို့နယ်ပညာရေးဌာနရဲ့အစီအစဉ်နဲ့ လုပ်တာပါ။ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်ကလည်း အပြင်ဖြေ ကျောင်းသား၊ ကျောင်းသူတွေကို နေ့ဖက်မှာ အလုပ်လုပ်ရင်း ညဖက်မှာ စာသင်နိုင်အောင်ရယ်၊ စာမေးပွဲကို လွယ်ကူစွာဖြေနိုင်အောင် ရယ်ရည်ရွယ်ပြီး သူကိုယ်တိုင် သချာ်ဘာသာရပ်ကို သင်ကြားပေးသွားမှာပါ" ဟု ပြောကြားသည်။

စာသင်ဝိုင်းတွင် သင်ကြားပေးရန် လက်ရှိစာရင်းပေးထားသည့် ဆရာ၊ ဆရာမများမှာ မြန်မာစာဘာသာရပ် ဦးဌေးမြင့်၊ ဒေါ်တင်တင်၊ အင်္ဂလိပ်စာ ဦးစိန်လှိုင်၊ ဦးဝင်းချိုဦး၊ သချာ် ဦးဝင်းမြင့်၊ ဦးလှိုင်ဝင်း၊ ဦးစန်းဝင်း၊ ဓာတုဗေဒ ဦးစိန်လှိုင်၊ ဒေါ်သန်းဌေး၊ ဒေါ်အမာကြူ၊ ရူပဗေဒ ဦးအောင်မိုးဆွေ၊ ဇီဝဗေဒ ဒေါ်သန်းသန်း၊ သမိုင်း ဦးဌေးမြင့်၊ ပထဝီ ဒေါ်လွင်လွင်မြင့်နှင့် ဘောဂဗေဒ ဒေါ်အေးအေးမင်းတို့ဖြစ်ကြသည်။ အခြား ဆရာ၊ ဆရာမများကလည်း သင်ကြားပေးရန် စာရင်းထပ်မံပေးထားကြောင်း ဆရာဦးစန်းဝင်းက ပြောသည်။

မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း "စီမံချက်များ စနစ်တကျရေးဆွဲထားပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကိုလည်း ပေးဖို့ထားပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေရဲ့ လုံခြုံရေးအတွက်လည်း အားလုံးအဆင်ပြေတဲ့နေရာဖြစ်တဲ့ အ. ထ. က နေခြည်ကိုရွေးချယ်ရတာပါ" ဟု ပြောသည်။

ယနေ့အထိ လာရောက်ပညာသင်ကြားရန် စာရင်းပေးသွင်းထားသူ ၂၀ ကျော်ရှိနေပြီး စာသင်ဝိုင်းဖွင့်သည့်နေ့ရက်များအထိ စာရင်းများ လက်ခံပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းပညာဒါနသင်တန်းတွင် ကျောင်းတက်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများက ပုံစံများတွင် ဖြည့်သွင်းပြီး ဝန်ခံလက်မှတ်ရေးထိုးခြင်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကိုလည်း ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

နေဝင်းဇော်(မြန်အောင်)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ မြေကွက်အမှတ်(၃၄၅)၊ မြေကွက်တည်နေရာအမှတ်(၃၄၅)၊ တာပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးကြည်မြင့်၊ ဒေါ်ခင်လှ အမည်ပေါက် နှစ်(၆၀)ရန်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် (၂၅-၁၂-၂၀၁၀) ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဝင်းအောင်မှ(တရားလို)ပြုလုပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၆၄၁/၂၀၁၃)ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးကြည်မြင့်၊ ဒေါ်ခင်လှတို့အား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိလာပါသည်။ တရားဖလာရီမှုအမှတ်-၉၀/၂၀၁၄အရ တရားရုံးကိုယ်စားဆောင်ရွက်နေအတွက် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်စောယုမွန် ဒုတိယဦးစီးမှူး(ဘီလစ်)မှ တရားရုံးအထောက်အထားများ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၆၃၅)၊ မြေကွက်တည်နေရာအမှတ်(၆၃၅)၊ အင်းဝ(၁၉) လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်သန်း+ဒေါ်လှမြင့် အမည်ပေါက် နှစ်(၆၀)ရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်သန်းကွယ်လွန်သဖြင့် ၎င်းပိုင်ဆိုင်သောအစုကို ပိုင်ဆိုင်စာချုပ်(၂၇၅/၁၃-၁-၀၆)စွန့်လွှတ်စာချုပ်(၂၇၆/၁၃-၁-၀၆)တို့ဖြင့် ဒေါ်ပုလဲမော်(၁၂/ဥကတ(နိုင်)၀၅၅၂၆)က ပိုင်ဆိုင်အမည်ပေါက်သွားပြီးဖြစ်ရာ ယခုကျန်ရှိသောအစုအတွက် အမည်ပေါက်တစ်ဦးဖြစ်သူ မိခင်(ဒေါ်လှမြင့်)၊ ဖခင်(ဦးစံယွန်း)တို့ ကွယ်လွန်သဖြင့် ဒေါ်အေးရီ(၁၂/ဥကတ(နိုင်)၀၅၅၂၁)နှင့် ဒေါ်ခင်အေး(၁၂/ဥကတ(နိုင်)၀၅၅၂၅)တို့က သမီးအရင်းများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ခံကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MMC
Myanmar Metropolitan College
Get your scholarship 100% & 50% at Myanmar Metropolitan College
HND
Higher National Diploma in Business,
Awarded by Scottish Qualifications Authority
HND in Business Scholarship Program Intake : Nov-2014 & Jan-2015 Apply Now!
အသေးစိတ်သိရှိလိုပါကစုံစမ်းရန် ➤ MMC City Campus : 47 / 48, Bahosi Building, Lanmataw Township 11131, Yangon, Myanmar.
Hotline : 09-450063108/109
Tel : 01-2301380/81
www.yourmmc.com
www.facebook.com/myanmarmetropolitancollege

ဖြူးမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဖြူးမြို့နယ်အသင်းဖွဲ့စည်းခြင်း အခမ်းအနားကျင်းပ

ဖြူး၊ အောက်တိုဘာ ၂၈

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်အတွင်းရှိ မြို့နယ်သူ မြို့နယ်သားများ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဖြူးမြို့နယ်၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဖြူးမြို့နယ်အသင်းဖွဲ့စည်းရေးအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ဖြူးမြို့နယ်စည်ပင်သာယာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိန်ထွန်းနှင့် ကော်မတီဝင်များ၊ ဖြူးမြို့နယ် ဒေသကြီးငါးခုတို့မှ မြို့မိမြို့ဖများ တက်ရောက်ကြပြီး သဘာပတိ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားကာ ဖြူးမြို့နယ်အသင်းဖွဲ့စည်းရေးယာယီကော်မတီဥက္ကဋ္ဌ ဦးတင့်အောင်က မြို့နယ်အသင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်အသင်းအမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ကြရာ ဖြူးမြို့နယ် ဇေယျဝတီဒေသ၊ ညောင်ပင်သာဒေသ၊ ကညွတ်ကွင်းဒေသ၊ အုတ်ဖြတ်ဒေသ၊ ဖြူးဒေသတို့မှ အမှုဆောင်ကော်မတီဝင် ၄၅ ဦးတို့ကို ရွေးချယ်တင်မြှောက်ကြပြီး ယင်းတို့အထဲမှ ဦးတင့်အောင် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ သုံးဦး၊ အတွင်းရေးမှူး ဦးကျော်စိုးနှင့် တွဲဖက်အတွင်းရေးမှူး သုံးဦး၊ ဘဏ္ဍာရေးမှူး သုံးဦး၊ စာရင်းစစ် သုံးဦးတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ **ဖြူးမြင့်ဦး**

ကော့ရင်းအောက်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ် ၄၀၀ အား အခမဲ့ဆောင်ရွက်ပေးခဲ့

ဘားအံ၊ ဩဂုတ် ၂၈

ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန NRC အဖွဲ့၏ ထောက်ပံ့ပေးမှုဖြင့် မိုးပွင့်အဆင့်(၆) နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဘားအံမြို့နယ် ကော့ရင်းအောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဇော်အောင်က မိုးပွင့်အဆင့် (၆) စီမံချက်နှင့်ပတ်သက်၍ နိုင်ငံသားဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံသားစိစစ်ရေးကပ်ပြားများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ပေးအပ်ခဲ့ကြသည်။

အဆိုပါမှတ်ပုံတင်ပေးအပ်ပွဲတွင် ကော့ရင်းအောက်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားပြည်သူ ၄၀၀ အား အခမဲ့နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ဆိပ်ငယ်ဈေးကြီးတွင် မီးငြိမ်းသတ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

မြိတ်၊ အောက်တိုဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဆိပ်ငယ်ဈေးကြီးတွင် မီးငြိမ်းသတ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီခွဲက အဆိုပါဈေးကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြိတ်မြို့၊ ဆိပ်ငယ်ဈေးကြီးတွင် မီးငြိမ်းသတ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာတွင် ဆီမီးလောင်မှုကို ရေမှုန်ရေမြွှားမီးငြိမ်းသတ်ကိရိယာများဖြင့် ဦးစွာပထမ ငြိမ်းသတ်ပြီး ဈေးအတွင်းပိတ်မိနေသော လူနာများကို ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ ရှာဖွေကယ်ဆယ်ရေးများ ပြုလုပ်ပြီး ရှေးဦးသူနာပြုစုခြင်းများ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

မြိတ်မြို့၊ ဆိပ်ငယ်ဈေးကြီးတွင် မီးငြိမ်းသတ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်ယာဉ် ၁၆ စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၂၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၄၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦး၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးသူ၊ ဈေးသားများဖြင့် ဆောင်ရွက်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မင့်ဦး(ဖြိတ်)**

ကလေးမြို့အနောက်မြောက်ဒေသ မိုးစပါးစိုက်ခင်းများ အောင်မြင်

ကလေး၊ အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သည် အထက်ချင်းတွင်းဒေသ၏ ဆန်အိုးကြီးဖြစ်ရာ ကလေးမြို့နယ် အနေဖြင့် နှစ်စဉ်မိုးစပါးစိုက်ဧကကို ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ရာ ယခုနှစ်တွင်လည်း စပါးများအောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

"ဒီနှစ်ကလေးမြို့နယ်မှာ မိုးစပါးစိုက်ဧကကို လျှာထားချက်အတိုင်းပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာမိုးစပါးစိုက်ဧက ၁၀၂၂၁၅ ဧကကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဓိကစိုက်တာကတော့ ဧရာမင်း၊ ဆင်သိမ်ဂီ၊ ရွှေဘို ၁ တို့ကို အများဆုံးစိုက်ပျိုးပါတယ်။ တောင်သူတွေအထွက်တိုးဖို့ကိုလည်း သိပ်ပွန်းကျစိုက်ပျိုးနည်းစနစ်တွေနဲ့ လက်တွေ့ပြသပြီး ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက ပြောသည်။

"ကလေးမြို့က စိုက်ပျိုးရေးအောင်မြင်တယ်လို့ပြောလို့ရတယ်။ မြစ်တွေချောင်းတွေဆိုလည်း လက်ယှက်ထိုးစီးဆင်းနေကြတယ်။ စပါးစိုက်ပျိုးဖို့ရေအတွက်ကတော့ ပူပင်စရာမရှိပါဘူး။ ဆည်မြောင်းဦးစီးဌာနကလည်း သက်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီတွေရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်ပေးနေကြပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ကလေးမြို့သည် သဘာဝအခြေခံကောင်းသော မြို့ဖြစ်ရာ ရာသီဥတုကောင်းမွန်ပြီး ရေခံမြေခံကောင်းသောမြို့ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်သည့် မြို့ ဖြစ်သည်။ **လင်းလက်ကြယ်စင်**

ဝန်းသိုမြို့နယ် ဝက်မွေးမြူရေးအသင်းသားများအား ချေးငွေကျပ် ၁၀၉၇ သိန်း ပေးအပ်ပွဲကျင်းပ

ဝန်းသို၊ အောက်တိုဘာ ၂၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ကျရေးအတွက် မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ချေးငွေ ၁၀၉၇ သိန်းကို ဝန်းသိုမြို့နယ်၊ ဝက်မွေးမြူရေးအသင်းသားများအား ချေးငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒေါင်းမြူးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဝက်မွေးမြူရေးအသင်းသားများ အား ချေးငွေပေးအပ်ပွဲအခမ်းအနားတွင် ဝန်းသိုမြို့နယ်အတွင်းရှိဝက်မွေးမြူရေးလုပ်ငန်း မွေးမြူရေးအသင်းသား ၇၇ ဦးအား ဒေသခံဝက်များနှင့် မျိုးကောင်းမျိုးသန့် (DYL) ဝက်များ ဝယ်ယူမွေးမြူနိုင်ရန် ချေးငွေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးထိန်မင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်ဒု-အုပ်ချုပ်ရေးမှူးဦးဌေးအောင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါက်တာ မြင့်မြင့်သန်းတို့ကပေးအပ်ခဲ့သည်။ **လှမျိုးထွန်း(ပြန်/ဆက်)**

ခြင်းချက်ထုတ်ရန်သမ္မာန်စာ
(တရားမကျင့်ထုံးကို ဥပဒေအမှတ်၊ – ၅၊ နည်းဥပဒေ–၂၀)
သယံနိုးကျွန်းမြို့နယ် တရားရုံး
၂၀၁၄–ခုနှစ်၊ တရားမကြီးအမှုအမှတ် – ၇၃
၁။ ကိုကျော်ကျော်လေး နှင့် မသင်းသင်းမြတ်
၂။ မစန္ဒာဝင်း
(တရားလိုများ) (တရားပြိုင်)
ရန်ကုန်တိုင်းဒေသကြီး၊ သယံနိုးကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း-၄၊ ငမိုးရိပ် (၈)လမ်း၊ မြေညီထပ် (ယာ) အမှတ် (၁၇၈)နေ တရားပြိုင် မသင်းသင်းမြတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။
